## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
## (၁၄)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏(၈ဝ)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁ဝး၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁ဝး၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးထွန်းလွင်၊ ကချင်(၉)၊ ငြိမ်းချမ်းရေးကိစ္စ။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ငြိမ်းချမ်းရေးကိစ္စ။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ မိသားစုကိစ္စ။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ သားဖြစ်သူနာရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဆွေးနွေးပွဲ။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ပြည်ပခရီးစဉ်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြအုန်း၊ ကချင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သိန်း၊ မွန်(၄)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဆေးစစ်။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝိလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးငွေမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ သွားရောဂါကု။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကျန်းမာရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဆေးကုသမှု။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ လယ်ယာမြေစုံစမ်းရေးကော်မရှင်ကိစ္စ။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊

ဇနီးခွဲစိတ်ကုသ။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ (၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ မိသားစုကျန်းမာရေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ဆေးစစ်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၄၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၄၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်အတွင်း လိုအပ်လျက်ရှိသည့် လျှပ်စစ်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးအောင်ချိုဦး က ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်အတွင်း လိုအပ်လျက်ရှိသည့် လျှပ်စစ်လုပ်ငန်းများနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ။ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်အတွင်း လိုအပ်လျက်ရှိတဲ့ လျှပ်စစ်လုပ်ငန်းများနဲ့ စပ်လျဉ်းပြီးတော့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီးတော့ ရန်ကုန်-ပြည်လမ်းနဲ့ အလှမ်းဝေးပြီး မြစ်၊ ချောင်း၊ အင်းအိုင်များ ပေါများတဲ့ မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ မိုးညိုမြို့နယ်ဟာ မြစ်မခမြစ်နဲ့ ဧရာဝတီမြစ်ကြားမှာ တည်ရှိပြီးတော့ ဧရာဝတီမြစ် ကမ်းပြိုမှုကြောင့် (၂)ကြိမ်တိုင်တိုင် ရွှေ့ပြောင်းခဲ့ရပြီး လူမှုစီးပွား နိမ့်ကျခဲ့ရတဲ့ မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ ယခုအခါမှာ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီးအစိုးရတို့ရဲ့ ကူညီပံ့ပိုးမှုတွေကြောင့် လမ်းပန်းဆက်သွယ်ရေးနဲ့ ပညာရေး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ အသင့်အတင့် တိုးတက်ကောင်းမွန်လာပြီ ဖြစ်ပါတယ်။

မိုးညိုမြို့နယ်အတွင်း ဆက်လက်လိုအပ်လျက်ရှိနေသေးတဲ့ လျှပ်စစ်လုပ်ငန်းများဖြစ်တဲ့ (က) (33/11)KV (5)MVA ဓာတ်အားခွဲရုံတည်ဆောက်ဖို့ (ခ) ဟောင်းနွမ်းဆွေးမြည့်နေတဲ့ သစ်သားတိုင်များမှ ကွန်ကရစ်တိုင်များ အစားထိုးလဲလှယ်ဖို့ (ဂ) မြို့တွင်းလိုင်းများ တိုးချဲ့တပ်ဆင်ခြင်း စတဲ့ လုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေပါတယ်ခင်ဗျား။ အဆိုပါလုပ်ငန်းများ ပြီးစီးပါက မိုးညိုမြို့နယ်ရဲ့ ဒေသဖွံ့ဖြိုးရေး စက်ရုံ၊ အလုပ်ရုံများ ပေါ်ထွန်းလာမှာ ဖြစ်ပြီးတော့ ဒေသတွင်းထွက်ကုန်များဟာ ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိလာမည် ဖြစ်ပြီးတော့ မြို့နယ်အတွက် ရန်ပုံငွေ၊ အခွန်အခများလည်း တိုးတက်လာနိုင်ခြင်းနဲ့ ရရှိလာမယ့်ရန်ပုံငွေများနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမယ် ဖြစ်တဲ့အတွက် အထက်တွင် တင်ပြခဲ့တဲ့ (က) (33/11)KV (5)MVA ဓာတ်အားခွဲရုံ တည်ဆောက်ဖို့ (ခ) ဟောင်းနွမ်းဆွေးမြည့်နေတဲ့ သစ်သားတိုင်များမှ ကွန်ကရစ်တိုင်များ

အစားထိုးလဲလှယ်ဖို့ (၈) မြို့တွင်းလိုင်းများ တိုးချဲ့တပ်ဆင်ခြင်းစတဲ့ လုပ်ငန်း(၃)ရပ်အား ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေး သွားမည်။ အစီအစဉ် မရှိသေးပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို ဖြစ်နိုင်စွမ်းရှိသည့် အကြောင်းအရာများကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**တီးတိန်မြို့ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေးအတွက် ဘဲလ်တန်ချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က တီးတိန်မြို့ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနိုင်ရေးအတွက် ဘဲလ်တန်ချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းတင်ပြမှာကတော့ တီးတိန်မြို့ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ဘဲလ်တန်ချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ် တီးတိန်မြို့တွင် လက်ရှိအသုံးပြုလျက်ရှိတဲ့ ရေအားလျှပ်စစ်စက်ရုံသည် ၁၉၈၆ ခုနှစ်တွင် နိုင်ငံတော်မှ တည်ဆောက်ပေးသော ကီလိုဝပ်(၄၀၀)အား ထုတ်ပေးတဲ့ စက်ရုံဖြစ်ပါတယ်။ ယခုအခါ သက်တမ်းအလွန် ကြာမြင့်ခဲ့ပြီး စက်ပစ္စည်းများ မကြာခဏချို့ယွင်းပျက်စီးလာသည့်အပြင် ရေပင်ရင်းမှ ရေထွက် တဖြည်းဖြည်း လျော့နည်းလာပါသည်။ မြို့ရဲ့လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏ တိုးတက်များပြားလာပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရာတွင် (၁)ရက်ခြား ခွဲတမ်းစနစ်ဖြင့် ဖြန့်ဝေပေးနိုင်ခဲ့ရာ နွေရာသီ ရေအဝင်နည်းတဲ့ ကာလ(၅)လခန့်တွင် (၂)ရက်ခြား၍ (၁)ရက်မှာ (၁)နာရီခွဲခန့်သာ မီးပေးနိုင်ပါတယ်။ တီးတိန်မြို့ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် ယခင်အစိုးရ လက်ထက်မှာလည်း အကြိမ်ကြိမ် တင်ပြ တောင်းခံခဲ့ပြီး ဖြစ်ပါတယ်။ ယခုတင်ပြသည့် ဘဲလ်တန်ချောင်း ရေအားလျှပ်စစ် တည်ဆောက်မယ့် နေရာသည် တီးတိန်-တွန်းဇံ ကားလမ်း၏ မိုင်တိုင်(၁၂)မိုင် အနီးမှာရှိပြီး ဇလွီးချောင်းနဲ့ ဘဲလ်တန်ချောင်း(၂)စင်း ဆုံစီးပြီး ရေအားလုံလောက်သောနေရာ ဖြစ်ပါတယ်။ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာများရဲ့ အကြမ်းဖျင်း တိုင်းတာတွက်ချက်မှုအရ လျှပ်စစ်ဓာတ်အား (၁.၅)မဂ္ဂါဝပ်ခန့် ထွက်ရှိနိုင်မယ်လို့ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ ချင်းပြည်နယ်အတွင်း မဟာဓာတ်အားလိုင်းတည်ဆောက်ရေး စီမံကိန်းတွင် ဂန့်ဂေါ-ဟားခါး-ဖလမ်း-သိုင်းငင်း-ကလေး-တမူး စီမံကိန်းတစ်ခုရှိပြီး၊ ၎င်းစီမံကိန်းမှာ တီးတိန်မြို့နယ်အတွင်း ဓာတ်အားလိုင်းများ ဖြတ်သန်းခဲ့ပေမယ့် တီးတိန်မြို့ ပါဝင်ခြင်း မရှိကြောင်း သိရှိရပါတယ်။ ဘဲလ်တန်ချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရေး စီမံကိန်းတစ်ခု ဆောင်ရွက်ပေးရန် ယခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့ ချင်းပြည်နယ် ဟားခါးမြို့သို့ ရောက်ရှိလာတဲ့ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီးများထံသို့ ချင်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် စာဖြင့်လည်း ကျွန်တော်တို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တီးတိန်မြို့တွင် ဘဲလ်တန်ချောင်းရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပေးပါက ဒေသဖွံ့ဖြိုးရေးအဘက်ဘက်မှ တိုးတက်လာပြီး လူနေမှုဘဝတိုးတက်လာသည့်အပြင် ထင်းအစားထိုး လျှပ်စစ်ဓာတ်အား ရရှိလာမယ်ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းမှာလည်းများစွာ အကျိုးသက်ရောက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ် အိန္ဒိယနယ်စပ်ဖြစ်တဲ့ ကျွန်တော်တို့ တီးတိန်မြို့နဲ့ အနီးပတ်ဝန်းကျင် ကျေးရွာများ၏ ဒေသဖွံ့ဖြိုး တိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အထူးလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေးအတွက် ဘဲလ်တန်ချောင်း ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနဲ့ ဒီကိစ္စကို အထူးကိစ္စတစ်ရပ်အဖြစ် စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ဒေသခံပြည်သူလူထုများကိုယ်စား ရိုသေလေးစားစွာဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၈။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ချိုဦး ၏ မေးခွန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကိုယ်စား ကျွန်တော် ဦးအောင်သန်းဦး၊ ဒုတိယဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုးညိုမြို့နယ်ဟာ (၃၃/၁၁)KV (၃)MVA မင်းလှဓာတ်အားခွဲရုံမှ (၁၁)KV လိုင်း(၁၆)မိုင် တည်ဆောက်ပြီး ဓာတ်အားရယူထားတာ ဖြစ်ပါတယ်။ မင်းလှခွဲရုံရဲ့ အများဆုံးဝန်အားဟာ (၁.၇)မဂ္ဂါဝပ် ခန့်သာ ရှိသေးတဲ့အတွက် မိုးညိုမြို့နယ်ကို လက်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံနဲ့ ဓာတ်အားလိုင်းများဖြင့် နိုင်နင်းစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ကြောင်း တင်ပြအပ်ပါတယ်။ မိုးညိုမြို့နယ်အတွင်း

ဓာတ်အားပေးစနစ် တိုးတက်ကောင်းမွန်စေရေးအတွက်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

(က) ရေကင်းလမ်းမနှင့် ပြည်တော်အေးလမ်းဆုံမှာ (၂၀၀)KV ထရန်ဖော်မာ(၁)လုံး တပ်ဆင်ဖို့ (၁၁)KV ဓာတ်အားလိုင်း (၀.၆၄)မိုင်နှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်း (၀.၅၇)မိုင် တည်ဆောက်ခြင်း၊ ဇောတိကရပ်ကွက် ဗိုလ်နေဝင်းလမ်း မှ အလောင်းဘုရားလမ်းအထိ (၄၀၀)ဗို့ ဓာတ်အားလိုင်း သံတိုင်(၄၆)တိုင်နှင့် သစ်သားတန်းများကို ကွန်ကရစ်တိုင် သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းများကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မိုးညှင်းမြို့နယ်ဟာ လက်ရှိဓာတ်အားရရှိနေပြီးတော့ ဝန်အားနိုင်နင်းစွာ ဓာတ်အားဖြန့်ဖြူး ပေးလျက်ရှိသဖြင့် နောင် ထပ်မံလိုအပ်လာမယ့် မီးသုံးသူများအတွက် (၃၃/၁၁)KV (၃)MVA ဓာတ်အားခွဲရုံ(၁)ရုံနှင့် (၃၃)KV လိုင်း(၁၀)မိုင် တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ သစ်သား တိုင်များ၊ သံတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းနဲ့ မြို့တွင်း ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကိုတော့ နှစ်စဉ်ရရှိမည့် ရန်ပုံငွေပေါ် မူတည်ပြီး ဦးစားပေး ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် မှ မေးမြန်းချက်ကို ကျွန်တော်မှ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် အတွင်းရှိ ရေအားလျှပ်စစ်ထုတ်ယူနိုင်တဲ့ အရင်းအမြစ်များအနက် မင်းတပ်ခရိုင်၊ ကန်ပက်လက် မြို့နယ်မှာရှိတဲ့ ဆာချောင်း (၃၂၀)ကီလိုဝပ်၊ ကွန်လောင်းချောင်း (၆၀၀)ကီလိုဝပ်၊ ဖလမ်းခရိုင်၊ တီးတိန်မြို့နယ်ရှိ ကွဲလွိချောင်း (၁၀၀)ကီလိုဝပ်၊ ဖိုင်ဇာလွီးချောင်း (၁၅၀)ကီလိုဝပ်၊ ဖလမ်းမြို့နယ်ရှိ လိုင်ဗားချောင်း (၄၉၀)ကီလိုဝပ်၊ ဟားခါးမြို့နယ်ရှိ ဒေါင်ချောင်း(၁၅၀၀)ကီလိုဝပ်၊ မတူပီမြို့နယ်ရှိ တိန်ဆီကျေးရွာသုံး အသေးစားရေအားလျှပ်စစ်စက်ရုံ အဆင့်မြှင့်တင်ရေး (၂၀)ကီလိုဝပ်၊ ရီးရာဘော် ချောင်း(၂၀)ကီလိုဝပ်၊ လေးမြို့ (၆၀၀)ကီလိုဝပ်၊ ဖလမ်းမြို့နယ်ရှိ ဗားရုံတံတားအထက်ပိုင်း (၃၀၀၀၀) ကီလိုဝပ်၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့နယ်ရှိ အညာကုတင်ချောင်း (၁၂၀၀)ကီလိုဝပ်၊ မတူပီ မြို့နယ်ရှိ ဘုံတလာ(၁၈၀၀)ကီလိုဝပ်နဲ့ ဘုံဗားချောင်း(၆၀၀)ကီလိုဝပ်တို့ကို ပဏာမစူးစမ်းလေ့လာမှု များ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဘဲလ်တန်ချောင်း ရေအားအရင်းအမြစ်မှ အသေးစား ရေအားလျှပ်စစ်ထုတ်ယူရေးနဲ့ ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှာ စူးစမ်းလေ့လာ တိုင်းတာထားပြီးဖြစ်သော အချက်အလက်လေးများ မရှိသေးပါကြောင်း၊ အသေးစားလျှပ်စစ်စီမံကိန်း ဖြစ်သဖြင့် ချင်းပြည်နယ် အစိုးရ၏ အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါကြောင်းနှင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်သော အကူအညီများ ရယူလိုပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့်လည်း လက်ရှိ တီးတိန်မြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည့် ဇာလွီးရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ဖို့အတွက် ဇာလွီး ချောင်းအတွင်းကို ဟိုင်ကျင်းချောင်းမှ ရေကိုပေါင်းထည့်နိုင်ပြီး အကူရေသွယ်မြောင်း (၁၁၅၀)ပေ

တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဘဲလ်တန်ချောင်း ရေအားလျှပ်စစ်စက်ရုံ တည်ဆောက် ဓာတ်အား ထုတ်လုပ်ဖို့ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကိုတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကျွမ်းကျင်ပညာရှင်များဖြင့် အသေးစိတ် အချက်အလက်များ ကွင်းဆင်းတိုင်းတာပေးဖို့အတွက် ပညာရှင်များစေလွှတ်ပေးရန် ချင်းပြည်နယ်အစိုးရရဲ့ ၁၉-၁၀-၂၀၁၃ ရက်စွဲပါစာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း အဖွဲ့တစ်ဖွဲ့ စေလွှတ်တိုင်းတာပေးမည် ဖြစ်ပါ၍ အဆိုပါအဖွဲ့ရဲ့ တိုင်းတာရရှိသည့် အချက်အလက်များအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို အခြေခံအကျဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေသော အထွေထွေရောဂါကု ဆရာဝန်များအတွက် Family Medicine ဆေးပညာရပ်ကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို အခြေခံအကျဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနေသော အထွေထွေရောဂါကု ဆရာဝန်များအတွက် Family Medicine ဆေးပညာရပ်ကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ယနေ့အခမ်းအနားကို ကြွရောက်လာတဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံးကို လေးစားစွာဖြင့် မင်္ဂလာပါလို့ ဂါရဝပြု ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းနဲ့ အလားသဏ္ဍာန်တူတဲ့ မေးခွန်း တစ်ခုကို အမျိုးသားလွှတ်တော် ပဉ္စမအကြိမ် အစည်းအဝေးမှာတုန်းက မေးမြန်းခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း General Practitioners လို့ ခေါ်တဲ့ GP လုပ်ကိုင်ဆောင်ရွက်နေရတဲ့ ဆရာဝန်တွေကို ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားပေးလျက်ရှိတဲ့ ဘွဲ့လွန်ဆေးပညာသင်တန်းများကို တက်ရောက်ခွင့် ပြုနိုင်ခြင်း ရှိ/မရှိ၊ အရည်အသွေးအလိုက် ဝင်ခွင့်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုစေပြီးတော့ ဝင်ခွင့်စာမေးပွဲ (Selection Exam:)ကို အောင်မယ်၊ ပြီးတဲ့အခါကျတော့မှ

အဆင့်ဆင့်သော Viva တို့၊ ဘာတို့ကိုလည်း ဖြေဆိုနိုင်မယ်ဆိုရင် နိုင်ငံ့ဝန်ထမ်း၊ အစိုးရဝန်ထမ်း ဆရာဝန်များနည်းတူ ဘွဲ့လွန်ဆေးပညာရပ်များကို သင်ကြားခွင့်ပြုနိုင်ခြင်း ရှိ/မရှိ မေးမြန်းခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်း ကလည်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

လက်ရှိအနေအထားမှာ နိုင်ငံ့ဝန်ထမ်း ဆရာဝန်တွေကိုတောင် ဒီ ဘွဲ့လွန်ဆေးပညာရပ်တွေကို သင်ကြားပေးဖို့မှာ ဆရာအင်အား မလုံလောက်တဲ့ အခက်အခဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စတွေကတော့ နောက်များမှပဲ ဆောင်ရွက်ပေးနိုင်မယ်ဆိုပြီးတော့ ဖြေကြားခဲ့တာမျိုး ရှိပါတယ်။ ယနေ့လက်ရှိအချိန်မှာ မြန်မာနိုင်ငံမှာ အစိုးရဝန်ထမ်းမဟုတ်တဲ့ ဆရာဝန်တွေဟာ ဆရာဝန်ဦးရေ စုစုပေါင်းရဲ့ (၇၀)ရာခိုင်နှုန်းလောက် ရှိပါတယ်။ ဆေးပညာဘွဲ့ရပြီးတဲ့ ဆရာဝန်တွေ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရမယ်။ မဖြစ်မနေ (၃)နှစ်အနည်းဆုံး နိုင်ငံ့တာဝန်ကိုထမ်းဆောင်ပြီးတော့မှ ဆေးကုသခွင့် လိုင်စင်(ဆမ) ထုတ်ပေးမယ်ဆိုတဲ့ အချိန်ကာလတစ်ရပ် ရှိခဲ့ဖူးပါတယ်။ အဲဒီတုန်းကဆိုရင်တော့ (၂)နှစ်ပြည့်ပြီးရင် ဝန်ထမ်းဆရာဝန်တစ်ဦးဟာ မိမိနှစ်သက်တဲ့ ဘွဲ့လွန်ပညာရပ်ဆိုင်ရာ စာမေးပွဲတွေကို ဝင်ရောက်ဖြေဆို လို့ရပါတယ်။

အဲဒီတော့ ကိုယ်က ဘွဲ့လွန်ဆက်တက်မယ်လို့ ရည်ရွယ်ရင် (၃)နှစ်တာဝန်ထမ်းဆောင်တာ မဟုတ်တော့ဘဲနဲ့ ဘွဲ့လွန်ဆေးပညာရပ်တွေကို ဝင်ခွင့်အောင်မြင်သွားပြီဆိုရင် ဆက်လက်သင်ယူပြီးတော့ အစိုးရဝန်ထမ်းဆရာဝန်အဖြစ် ထမ်းဆောင်လို့ရပါတယ်။ ယခုအချိန်မှာတော့ စနစ်က ပြောင်းလဲသွားပါပြီ။ နိုင်ငံတကာ စံနှုန်းတွေနဲ့အညီ ဆေးတက္ကသိုလ်ကနေပြီးတော့ ဆေးပညာဘာသာရပ်ကို အောင်မြင်ပေါက်မြောက်ပြီလို့ ယူဆတဲ့အချိန် ဘွဲ့ရပြီးတာနဲ့ ဆေးကုသခွင့်လိုင်စင်ကို ပေးထားပါတယ်။ ဒါပေမဲ့ ဆေးကုသခွင့်လိုင်စင်ကို ရပြီးတော့ ဆေးကုသခွင့်ရှိပေမယ့် ခုနက တင်ပြခဲ့သလိုပါပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘွဲ့လွန်ဆေးပညာရပ်တွေကို ဆည်းပူးဖို့ကျတော့ အစိုးရဝန်ထမ်း မဟုတ်ရင် ဆည်းပူးခွင့် မရနိုင်ပါဘူး။ အဲဒီတော့ ပြင်ပက GP ဆရာဝန်များလို့ ခေါ်ဆိုကြတဲ့ General Practitioners တွေဟာ တက်စရာသင်တန်းတစ်ခုပဲ ရှိပါတယ်။ အဲဒါကတော့ ဒီပလိုမာအဆင့်ဖွင့်လှစ်ထားတဲ့ Family Medicine သင်တန်းတစ်မျိုးတည်း ဖြစ်ပါတယ်။ ဒီသင်တန်းတက်ပြီးပြီ၊ ဒီပလိုမာရပြီးပြီဆိုရင် နောက်ထပ် တစ်ဆင့်မြင့်တဲ့ အဆင့်မြင့်ဆေးပညာတွေကို ဆက်လက်ဆည်းပူးနိုင်ခွင့် မရှိတော့ပါဘူး။ ဒီ ဒီပလိုမာပြီးရင်လည်း ဒီ Family Medicine အတွက် Master Degree လည်း မရှိပါဘူး ဥက္ကဋ္ဌကြီး ခင်ဗျား။ အဲဒီအခါကျတော့ General Practitioners တွေဟာ နိုင်ငံရဲ့ အနှံ့အပြားမှာ ရှိနေတာ ဖြစ်ပါတယ်။ ကျေးရွာတိုင်း၊ မြို့တိုင်းမှာ ပြည်သူတွေနဲ့ အဓိကထိတွေ့ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးနေရတဲ့ ဆရာဝန်မျိုး ဖြစ်ပါတယ်။ အဲဒီတော့ ဒီ ဆရာဝန်တွေ အတွက် CME System တစ်ခု (Continued Medical Education System) တစ်ခုခု ရှိမယ်ဆိုရင်တော့ ဒီ အထွေထွေရောဂါကု ဆရာဝန်တွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီ အထွေထွေရောဂါကု ဆရာဝန်တွေရဲ့ ပညာရည်အဆင့်အတန်းကို မြှင့်တင်ပေးနိုင်ရင် နိုင်ငံတော်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍလည်း များစွာတိုးတက်လာမယ်လို့ ဒါ ယုံကြည်မျှော်လင့်မိပါတယ်။

ဒါကြောင့်မို့လို့ ပဉ္စမအကြိမ် လွှတ်တော်အစည်းအဝေးတုန်းက မေးမြန်းခဲ့ဖူးပါတယ်။ လက်ရှိ ရှိပြီးသား ဖွင့်လှစ်နေပြီးသားဖြစ်တဲ့ ဆေးဘက်ဆိုင်ရာ ဘွဲ့လွန်သင်တန်းတွေကို၊ ပြင်ပဆရာဝန်တွေကို အရည်အချင်း စစ်ဆေးပြီးတော့ တက်ရောက်ခွင့်ပြုနိုင်ပါမလား၊ မပြုနိုင်ဘူးဆိုရင်လည်း ဒီ General Practitioners တွေအတွက် Speciality တစ်ခုဖြစ်တဲ့ Family Medicine ဒါ နိုင်ငံတကာတိုင်းပြည်တွေမှာလည်း Family Medicine ဆိုတာ ဘာသာရပ်ကြီးတစ်ခုအနေနဲ့ကို ပညာရပ်ပိုင်းဆိုင်ရာ ရှိပါတယ်။ အဲဒီတော့ Family Medicine ဘာသာရပ်ကို အဆင့်မြှင့်တင်ပေးနိုင်ပါ့မလားဆိုပြီးတော့ မေးခွန်း(၄)ခု မေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

မေးမြန်းလိုတဲ့ မေးခွန်းတွေကတော့(၁) မြန်မာနိုင်ငံ ဆရာဝန် ဦးရေရဲ့ (၇၀)ရာခိုင်နှုန်းကျော်ဖြစ်တဲ့ အထွေထွေရောဂါကုဆရာဝန်များ၊ တစ်နည်းအားဖြင့် GP ဆရာဝန်များရဲ့ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးအတွက် ထိရောက်တဲ့ အစီအမံတွေ ချမှတ်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ။ မေးခွန်း(၂)ကတော့ Family Medicine ကို နိုင်ငံတကာနည်းတူ Specialized Discipline အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ။ မေးခွန်း(၃)ကတော့ လက်ရှိ ကျန်းမာရေးဝန်ကြီးဌာနကနေ တာဝန်ယူဖွင့်လှစ်ပေးနေတဲ့ Family Medicine Diploma သင်တန်းကို Master အဆင့် ဘွဲ့လွန်ဆေးပညာအဆင့်ကို မြှင့်တင်ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ နဲ့ နောက်ဆုံးမေးခွန်းကတော့ မြန်မာနိုင်ငံဆရာဝန်အသင်းကနေပြီးတော့ GP ဆိုင်ရာ Systematic Institution တစ်ခုကို ထူထောင်ဆောင်ရွက်ဖို့ အစီအစဉ် ရှိတယ်လို့ သိရပါတယ်။

အဲဒီတော့ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ အားပေးကူညီပြီးတော့ ဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတာကို အများပြည်သူအကျိုးငှာ အပြုသဘောနဲ့ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ထန်တလန်မှ မိုင်(၄၀)ခန့်ဝေးသော ထာအို (Thau) ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဇဖိုင် (Zephai) ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် ဒေါန် (Dawn) ကျေးလက်ကျန်းမာရေးဌာနခွဲ တို့ကို အဆင့်တိုးမြှင့်ပေးရန်နှင့် တစ်နိုင်ငံလုံးရှိ ကျေးရွာအုပ်စုတိုင်းတွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က ထန်တလန်မှ မိုင်(၄၀)ခန့်ဝေးသော ထာအို (Thau) ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဇဖိုင် (Zephai) ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် ဒေါန် (Dawn) ကျေးလက်ကျန်းမာရေးဌာနခွဲ တို့ကို အဆင့်တိုးမြှင့်ပေးရန်နှင့် တစ်နိုင်ငံလုံးရှိ ကျေးရွာအုပ်စုတိုင်းတွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးများ၊ အမျိုးသား

လွှတ်တော်ကော်မရှင် လူကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထန်တလန်မြို့နယ်၊ ကျေးရွာကြီး (၃)ရွာဖြစ်တဲ့ ထာအို၊ ဇဲမိုင်၊ ဒေါန်မှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲများကို ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊(၂) နှစ်ကာလအတွင်း ကျေးလက်ကျန်းမာရေးဌာနများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထန်တလန်မြို့နယ်မှာ လူဦးရေ(၅)သောင်းခွဲကျော် ရပ်ကွက် (၃)ရပ်ကွက်၊ ကျေးရွာအုပ်စု(၃၇)၊ ကျေးရွာပေါင်း (၈၆)ရွာ ရှိပါတယ်။ မြို့နယ်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုနဲ့ နှုန်းအချိုးမှာကတော့ ကျွန်တော် ဖော်ပြပါ လူဦးရေနှင့် ကျေးရွာများအတွက် ထန်တလန်မြို့ ပြည်သူ့ဆေးရုံမှာ ဆရာဝန်(၂)ဦး၊ လုံလဲရ်တိုက်နယ်ဆေးရုံမှာ ဆရာဝန်(၁)ဦး၊ မှောင်တလန်တိုက်နယ်ဆေးရုံမှာတော့ ကျွန်တော် စာတင်တဲ့အထိ ဆရာဝန် မခန့်သေးပါဘူး။ အဲဒါကြောင့် တစ်မြို့နယ်လုံးမှာ ဆရာဝန်(၃)ဦးရှိတယ်။ နောက် ကျေးလက်ကျန်းမာရေးဌာန(၅)ခုမှာကတော့ ကျေးလက်ကျန်းမာရေးမှူးတွေ လာလိုက် မလာလိုက်နဲ့ ဖြစ်သော်လည်းပဲ ကျန်းမာရေးမှူး (၅)ဦး၊ မြို့နယ်ဆရာဝန်(၃)ဦးနဲ့ ကျေးလက်ကျန်းမာရေးမှူး(၅)ဦးတို့က ကျွန်တော်တို့ မြို့နယ်ကျန်းမာရေးကို အဓိကထား တာဝန်ထမ်းဆောင်ကြပါတယ်။

ထန်တလန်မြို့နယ်ကတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ဒေသဖြစ်သည့်အပြင် တစ်ရွာနဲ့ တစ်ရွာ နီးနီးကပ်ကပ် မရှိကြပါဘူး။ ပြည်သူများ၏ ကျန်းမာရေး၊ အထူးသဖြင့် ကျေးလက်ဒေသရှိ တောင်သူလယ်သမားများ၊ မိခင်နှင့်ကလေးငယ်များ၏ ကျန်းမာရေးကာကွယ် စောင့်ရှောက်မှုအတွက်ကတော့ ကျေးလက်ကျန်းမာရေးဌာနနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲများကိုသာ အဓိကအားကိုးနေရပါတယ်။ အဲဒါကြောင့် ကျေးလက်ကျန်းမာရေးဌာနများကို တိုးချဲ့ဖွင့်လှစ်ပေးရန် လိုတယ်ဆိုတာကို ကျွန်တော်ပြောချင်ပါတယ်။ ယခုတင်ပြနေတဲ့ ကျေးရွာကြီး(၃)ရွာမှာကတော့ အလယ်တန်းကျောင်းများလည်း ရှိပြီးသားဖြစ်ပါတယ်။ ရွာ၏တည်နေရာမှာလည်း သင့်လျော်သည့်နေရာမှာရှိတဲ့အတွက် လူဦးရေကလည်း များသောဒေသ ဖြစ်ပါသဖြင့် ခုန ကျွန်တော်တင်ပြတဲ့ ရွာ(၃)ရွာမှာကတော့ ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးပါရန်ဆိုပြီးတော့ ကျွန်တော် မေးချင်ပါတယ်။ ကျွန်တော် မေးခွန်း(၄)ခု အဖြေကောင်း ရမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ (၁) ထန်တလန်မှ မိုင်(၄၀)ခန့်ကွာဝေး သော အိန္ဒိယနယ်စပ်ရှိ ထာအိုကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာန အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) ထန်တလန်မှ မိုင်(၄၀)ခန့်ဝေးသော ဇဲမိုင်ကျေးရွာ ကျန်းမာရေးဌာနခွဲကို အဆင့်တိုးမြှင့်ပေးရန်နှင့် (၃) ထန်တလန်မှ (၄၅)မိုင်ခန့်ဝေးသော အိန္ဒိယနယ်စပ်ရှိ ဒေါန်ကျေးလက်ကျန်းမာရေးဌာနခွဲကို အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၄) တစ်နိုင်ငံလုံး ကျေးရွာအုပ်စုတိုင်း၊ ကျေးရွာအုပ်စုတိုင်းမှာ ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ် ရှိတယ်ဆိုပါက ဘယ်ခုနှစ်ကနေ ဘယ်ခုနှစ်အတွင်း ဆောင်ရွက်ဖို့ရှိသလဲ၊ မရှိဘူးဆိုတာကလည်း မရှိတဲ့အကြောင်းကို ပြည်ထောင်စုဝန်ကြီးအနေနဲ့ အကျိုးအကြောင်း ရှင်းလင်းပေးပါရန် ကျွန်တော် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မိမိအကျိုး၊ ပြည်သူအကျိုး တိုးပွားအောင် ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ရဲ့ မေးခွန်းကို ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ပြန်ပြီးတော့ ဖြေပါမယ်။

အရင်တစ်ခေါက်ကလည်း ဆရာမြတ်ဉာဏစိုး မေးခဲ့တာလည်း မှန်ပါတယ်။ ကျွန်တော်တို့မှာ ယခုအချိန်မှာ အဓိကတော့ ဝန်ထမ်းဆရာဝန်တွေကိုပဲ အထူးကုဆရာဝန်တွေအဖြစ်နဲ့ ကျွန်တော်တို့ ဘွဲ့လွန်သင်တန်းတွေ ပေးတက်နိုင်တယ်။ Except, Family Medicine, ပေါ့၊ ဒါကလည်း မှန်ပါတယ်။ ဝန်ထမ်းဆရာဝန်တွေကို ကျွန်တော်တို့က အထူးကုအဖြစ်နဲ့ ပေးတက်နေတာနဲ့ပတ်သက်လို့ ဒါလေး နည်းနည်းလေး ရှင်းရမယ်ဆိုရင် ကျွန်တော်တို့က အခုအချိန်မှာ ဒီဆေးရုံတွေရဲ့ လိုအပ်ချက်ကိုတောင် အထူးကု ဖြည့်နိုင်ဖို့ ဒါ မနည်းကြိုးစားနေရတဲ့ အနေအထား ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ရောက်ခါစမှာ (၂၀)ကျော် (၃၀)လောက်ပဲ ဘာသာရပ်တစ်ခုကို ခေါ်တဲ့ Medicine, Surgery, Paediatrics ဟာ ယခု (၃၀)ကျော်ကနေ (၄၀)ကျော် လောက်ထိ တိုးပြီးတော့ ခေါ်တယ်။ (၄၀)ကျော်အထိ ဘာဖြစ်လို့ တိုးခေါ်သလဲဆိုတော့ လိုအပ်ချက် တွေက များလာတယ်။ ဥပမာ - ဆေးရုံတွေ တိုးချဲ့တယ်။ အသစ်ဖွင့်တဲ့ ဆေးရုံတွေ၊ ကျွန်တော်တို့ အဆင့်မြှင့်တဲ့ ဆေးရုံတွေပေါ့လေ။ ဥပမာ - (၁၆)ခုတင်ကနေ (၂၅)ခုတင်၊ (၂၅)ခုတင်သည် ခုတင်(၅၀) မြှင့်တယ်ဆိုတာလောက်က အထူးကုတွေ မလိုပေမယ့် ခုတင်(၅၀)ကနေ ခုတင်(၁၀၀)မြှင့်ပြီဆိုရင် အထူးကုဘာသာရပ်(၇)မျိုး ပါလာပါတယ်ခင်ဗျာ။ (၁၀၀)ကနေ (၂၀၀)မြှင့်ပြီဆိုရင် အထူးကု ဆရာဝန်(၁၇)မျိုး ပါလာပါတယ်။ အဲဒီတော့ တိုးချဲ့နေတဲ့ ဆေးရုံတွေနဲ့ မီအောင်၊ ပင်စင်ယူတာ ရှိမယ်၊ သေဆုံးသွားတာတွေရှိမယ်။ အလုပ်ထွက်ကြတာတွေရှိမယ်။ ဒါတွေဖြည့်ဖို့က ကျွန်တော်တို့က တစ်နှစ်တစ်နှစ်ကို ပင်မဘာသာကြီးတွေ ဖြစ်တဲ့ Medicine, Surgery, OG, Paediatrics အရိုး၊ ခွာတ်မှန်၊ ခွာတ်ခွဲ၊ မေ့ဆေး၊ အများကြီး လိုပါတယ်။

ဥပမာလေးတစ်ခု ပြောရရင် ကျွန်တော်တို့ (၄၅)ယောက် ခွဲစိတ်ကုပညာဌာနမှာ ရွေးတယ် ထားပါတော့၊ ကျွန်တော်နေခဲ့တဲ့ မန္တလေးပဲ ထားပါတော့၊ တစ်နှစ်ကို(၄၅)ယောက် ရွေးတဲ့ အခါမှာ ကျောင်းတွေခွဲတမ်းအရ မန္တလေးမှာ (၁၅)ယောက်လက်ခံနိုင်တယ်။ အခု ကျွန်တော်တို့က Capacity- based နဲ့ပဲ Train လုပ်နေရသလိုဖြစ်နေတယ်။ ဘယ်လောက်လက်ခံနိုင်မလဲ။ ဘယ်လောက် သင်ကြားပေးနိုင်သလဲ။ Need-based မဟုတ်ဘူး။ ဘယ်လောက် လိုအပ်သလဲကို လုပ်နိုင်ဖို့၊ လှမ်းဖို့ကို ကြိုးစားနေဆဲအချိန် ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လိုအပ်ချက်က (၁၀၀)ဖြစ်ရင် ဖြစ်မယ်။ ဒါပေမဲ့ မန္တလေးဆေးတက္ကသိုလ်အနေနဲ့ (၁၅)ယောက်ကို၊ Surgery ကို

တစ်နှစ် သင်ကြားပေးနိုင်ပါတယ်။ ဆေးတက္ကသိုလ်(၁) ရန်ကုန်ကလည်း (၁၅)ယောက် သင်ပေးနိုင်ပါတယ်။ ဆေးတက္ကသိုလ်(၂)ကတော့ နည်းနည်းလေးသေးတဲ့အတွက် (၁၂)ယောက်သင်နိုင်ပြီးတော့ မနှစ်တစ်နှစ်ကမှ စပြီးတော့ ဘွဲ့လွန်ကို လက်ခံတဲ့ မကွေးဆေးတက္ကသိုလ်မှာတော့ (၃)ယောက်မှ (၅)ယောက်ပဲ သင်ကြားနိုင်ပါတယ်။ ဥပမာ ထားပါတော့ (၄၅)ယောက် ကျွန်တော်တို့ ယူမယ်ဆိုရင် မန္တလေး (၁၅)ယောက် ယူနိုင်တယ်ဆိုရင် တောင်မှ မန္တလေးမှာ Surgical Ward ခွဲစိတ်ကု Ward ကြီး(၃)ခု ရှိပါတယ်။ Surgical Unit (1)(2)(3) ရှိပါတယ်။ တစ် Ward ကို (၅)ယောက်စီ ယူရပါတယ်။ Surgery ဟာ (၃)နှစ်တက်ရတဲ့ Subject ဖြစ်တဲ့အတွက် First Year မှာလည်း (၅)ယောက်၊ Second year မှာလည်း (၅)ယောက်၊ Third year မှာလည်း (၅)ယောက်ရှိတယ်။ Ward တစ် Ward မှာ ဘွဲ့လွန် ကျောင်းသား (၁၅)ယောက် ရှိပါတယ်။

အဲဒီတော့ တစ်နေ့တစ်နေ့ လက်တွေ့သင်ကြားပေးဖို့ဆိုတာ စာဆိုတာကတော့ ဘယ်နားသွားဖတ်ဖတ် စာအုပ်ရှိရင်ရတယ်။ Internet ကနေ Download လုပ်လို့ ရပေမယ့် ဒီ ဘွဲ့လွန်ဘာသာရပ်ဆိုတာက KnowLedge ကို based လုပ်ပြီးတော့မှ Skills ကို Train လုပ်တာဖြစ်ပါတယ်။ Skills ကို Train လုပ်တဲ့ အခါမှာ ခွဲစိတ်ကုသဆောင်မှာ ဆရာဝန်က လက်သင်က Training က ဒါ (၁၅)ယောက် ဖြစ်နေတယ်။ ရိုးရိုး A.S တွေ၊ House Surgeons တွေ မပါသေးဘူး။ M.Sc (၁၅)ယောက် ဖြစ်နေရင် သူတို့ ဆရာဝန်ကြီးများ ခွဲစိတ်တဲ့အခါမှာ Assist လုပ်ဖို့၊ အခွင့်ရဖို့တောင်မှ အင်မတန်ခက်ပါတယ်။ အဲဒီတော့ နောက်ဆုံးနှစ်ကျောင်းသား (၅)ယောက်က အလှည့်ကျ Assist လုပ်နိုင်ဖို့ ဒါကိုတောင် မနည်းကြိုးစား နေရတဲ့အတွက် ကျွန်တော်တို့ (၁၅)ယောက်ဆိုတာ၊ (၄၅)ယောက်ဆိုတာ ဖြစ်ဖြစ်မည်အောင် ရွေးချယ် ရတဲ့သဘော ရှိပါတယ်။ ဒါပေမဲ့ တစ်ဖက်က ပြန်စဉ်းစားကြည့်ရင် (၄၅)ယောက်ရွေးတဲ့အခါမှာ ဥပမာ - Medicine လို Subject မျိုးမှာ (၄၀၀)နီးပါး ဖြေပြီးတော့ အောင်တာ (၂၀၀)ကျော် အောင်ပါတယ်။ ဘွဲ့လွန် ရွေးချယ်တဲ့ စာမေးပွဲတွေမှာ။ သိတဲ့အတိုင်းပဲ ဘွဲ့လွန်စာမေးပွဲ အောင်မှတ်ဟာ (၆၀)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ (၁၀)တန်းအထိဟာ အောင်မှတ်က (၄၀)ရာခိုင်နှုန်းဖြစ်ပြီးတော့ တက္ကသိုလ်မှာ ဘွဲ့ကြို အောင်မှတ်က (၅၀)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဘွဲ့လွန်တွေဟာ (၆၀)ရာခိုင်နှုန်းရမှ အောင်တာပါ။ အဲဒီတော့ (၁၀၀)မှာ (၆၀)ရပြီးတော့ အောင်ထားတဲ့လူ (၂၀၀)ထဲမှာ ကျွန်တော်တို့က (၄၅)ယောက် လောက်ကို မနည်းထပ်စစ်ပြီးတော့ အောင်တဲ့သူတိုင်းကို ရွေးတာမဟုတ်ဘူးခင်ဗျာ။ အောင်တာ (၂၀၀)လောက် အောင်တာမှာ (၄၅)ယောက်လောက်ပဲ ရွေးနိုင်တယ်။

ဘာကြောင့်လဲဆိုတော့ ရွေးတာနည်းလှချည်းလားလို့ပြောရင်၊ အဲဒီ နည်းတာတောင်မှ တစ် Ward တစ် Ward မှာ လူနာဆောင်တစ်ဆောင် တစ်ဆောင်မှာ Train လုပ်ရမယ့်ဟာက မနိုင်မနင်း ဖြစ်တဲ့အခါကျတော့ Skill Training ကျတော့ ဒီလူနာပေါ်မှာရော၊ ခွဲစိတ်သင်ကြားရမယ့်ကိစ္စတွေ ဒါတွေ ဖြစ်လာတဲ့အခါမှာ ဒီထက်လည်း ပိုပြီးတော့ လောလောဆယ် မခေါ်နိုင်တဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့က ဒီကျောင်းတွေ၊ ဆေးတက္ကသိုလ်တွေ တိုးချဲ့ ဖွင့်လှစ်ဖို့ လိုအပ်တယ်ဆိုတာ ဒါဟာလည်း ဒီ တစ်ချက်လည်း ပါ ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆေးတက္ကသိုလ်တွေကို နိုင်ငံတကာ ဆေးတက္ကသိုလ်တွေဟာ တစ်ကျောင်းကို (၂၀၀)လောက်၊ (၁၂၀)၊ (၁၅၀)ဆိုတာ အလွန်ဆုံး၊ (၂၀၀)ဆိုတာ အလွန့်အလွန်များနေပြီ။ ကျွန်တော်တို့က (၆၀၀)တွေ၊ (၅၀၀)တွေ၊

တချို့နှစ်တွေဆိုရင် (၈၀၀)တွေ လက်ခံနေရတယ်။ အဲဒီတော့ အရည်အသွေး ကျဆင်းလာမှာဖြစ်တဲ့ အတွက် ကျွန်တော်တို့တွေဟာ အခု တစ်ဝက်ကို လျှော့တယ်။ ယာယီအားဖြင့် လျှော့တာပဲ ဖြစ်တယ်။ ဆေးတက္ကသိုလ်တွေ တိုးချဲ့ဖွင့်လှစ်ပြီးလာတဲ့အခါကျရင် ကျွန်တော်တို့က ပြန်လည်တိုးမြှင့်ပြီးတော့ သင်ကြားနိုင်မယ်။ အခုကတော့ လူနာဆောင်တစ်ဆောင်မှာ ဘွဲ့လွန်သင်တန်းသား (၁၅)ယောက် ဆိုတာ တော်တော်ကို များလွန်းနေတဲ့ အရေအတွက် ဖြစ်ပါတယ်။ ဒါ ဆရာများတာနဲ့လည်း မဆိုင် ပါဘူး။ ခွဲစိတ်ခန်းတွေရှိတယ်။ ဟုတ်လား လူနာတွေရှိတယ်။ လူနာတွေ တိုးပြီးတော့ တင်လို့လည်း မရပါဘူး။

ဒါကြောင့်မို့လို့ ယခုအချိန်မှာ အထူးကုဘာသာရပ်တွေကို ဝန်ထမ်းဆရာဝန်တွေကို တောင်မှ ကျွန်တော်တို့ လုံလောက်အောင် Train မလုပ်နိုင်သေးဘူး ဖြစ်နေတယ်။ ကျွန်တော်တို့ လိုအပ် သလောက် Train မလုပ်နိုင်သေးဘူး။ Capacity ရှိသလောက်ကိုပဲ Train လုပ်နေရပြီးတော့ Need ကို မသွားနိုင်သေးဘူး။ လိုအပ်ချက်ကို မသွားနိုင်တဲ့ အနေအထားရှိတယ်။ တကယ့် တကယ်လည်း တစ်နှစ် တစ်နှစ် Entrance မှာ ကြားပါလိမ့်မယ်။ (၃)ခါဖြေ၊ (၄)ခါဖြေ ကျတာ မဟုတ်ဘူးခင်ဗျာ။ အောင်ရက်သားနဲ့ ကျွန်တော်တို့က (၂၀၀)အောင်တာကို (၄၅)ယောက်ပဲ ယူနိုင်တယ်။ (၅၀)ပဲ ယူနိုင် တဲ့အတွက် အောင်ရက်သားနဲ့ ကျန်ခဲ့တဲ့ကလေးတွေဟာ တစ်နှစ် တစ်နှစ် အများကြီး ရှိပါတယ်။ တစ်ဖက်က ဒီလို ဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့က ဟုတ်လား၊ ဒီဝန်ထမ်းတွေကို ဒီလို မွေးထုတ်တဲ့အခါမှာလည်း ဒီ တိုးချဲ့ပြီး ဖွင့်လှစ်လာတယ်။ ပြည်နယ်တွေမှာ လည်း ဖွင့်လာတယ်။ ကျွန်တော် တင်ပြခဲ့ပါတယ်။ စစ်ပြီးခေတ်ကာလမှာ ကျွန်တော်တို့ ဆေးရုံဟာ (၃၄)ရုံ၊ (၄၀)လောက်ပဲ ရှိတယ်။ အဲဒီနောက် ယခုအချိန်မှာ (၉၄၀)ကျော်ရှိတယ်။ ဒီဟာတွေကို ဖြန့်ဖြူးဖို့ရာ ကျွန်တော်တို့ ရုန်းကန်နေရတဲ့ အနေအထားရှိတဲ့ အတွက်ကြောင့်မို့လို့ လောလော ဆယ်မှာ အထူးကုဘာသာရပ်တွေကို ကျွန်တော်တို့ ပြင်ပဆရာဝန်တွေကို ဖွင့်လှစ်သင်ကြား ပေးနိုင်ခြင်းမရှိဘူး။ Except, Family Medicine မှာ၊ Family Medicine ကတော့ ကျွန်တော်တို့ ၁၉၉၇ ခုနှစ်တည်းကစပြီးတော့ ဆေးတက္ကသိုလ်များမှာ စတင်ဖွင့်လှစ် သင်ကြားနေတယ်။

အဲဒါအပြင် ကျွန်တော်တို့က ယခု အချိန်မှာ Master အဖြစ်ကို တိုးသင်နိုင်မလားဆိုတော့ ၂၀၁၂ ခုနှစ်၊ ဇွန်လမှာ ကျင်းပခဲ့တဲ့ ဘွဲ့လွန်ဆေးသိပ္ပံ၊ ဘွဲ့လွန်ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ ကနေပြီးတော့ ပြင်ဆင်ရေး ဆွဲထားတဲ့ Diploma in Family Medicine, New Curriculum ကို ၂၀၁၄ မှာ စတင်သင်ကြားမှာ ဖြစ်ပါတယ်။ အရင်တုန်းက Curriculum သည် ခေတ်စနစ်နဲ့ လိုအပ်ချက် တွေ ရှိလာတဲ့အတွက် New Curriculum ကို ဖွင့်လှစ်သင်ကြားမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ အခုချိန်မှာ ဘွဲ့လွန်ပညာရပ် Diploma ပဲဖြစ်ဖြစ်၊ Master ပဲဖြစ်ဖြစ် ဒီ Family Medicine ဆိုတဲ့ Concept ကို ဘွဲ့ကြိုမှာ ဟိုး စတက်ကတည်းက ကျွန်တော်တို့ သင်ပါတယ်။ Incorporate လုပ်ပါတယ်။ Family Medicine Concept ကို ဘာဖြစ်လို့လဲဆိုတော့ ရှေးရှေးတုန်းက Disease Oriented ပါ။ ရောဂါကိုပဲ အဓိကထားပြီး လေ့ကျင့်သင်ကြားရာကနေပြီးတော့ နောက် ကုသတဲ့ အခါမှာလည်း ရောဂါကိုပဲ အဓိကထား ကုရာကနေ နောက်ပိုင်းကျတော့ ကျွန်တော်တို့က Patient-centred ဖြစ်လာပါတယ်။ Disease-centred ကနေ Patient-centred ဖြစ်လာတယ်။ လူနာကို ဗဟိုထားပြီးတော့ ကုတာ၊ Patient-centred ကနေ အခု Family-centred လူနာက မိသားစုဝင်

ဖြစ်တဲ့ အတွက် မိသားစုအရေးကိစ္စတွေကိုပါ ထည့်သွင်းစဉ်းစားရမယ်။ ပြီးတော့ Community Centred, Community ကိုပါ ထည့်သွင်းစဉ်းစားရမယ်ဆိုတဲ့ Concept တွေ Approach တွေ နိုင်ငံတကာမှာ ပြောင်းလာတာနဲ့ အညီ ကျွန်တော်တို့ဟာ ဘွဲ့ကြိုသင်တန်း အသီးသီးမှာ၊ နှစ်အသီးသီးမှာ Family Medicine နဲ့ Concept တွေကို ဘာသာတိုင်းမှာ Incorporate လုပ်ပြီး ထည့်သွင်း သင်ကြားလျက် ရှိနေတယ်ဆိုတဲ့ အကြောင်းကို ကျွန်တော်တို့ တင်ပြလိုပါတယ်။

လောလောဆယ်မှာ GP တွေအတွက် ဒီပလိုမာသင်တန်းကိုပဲ ဖွင့်နိုင်ပေမယ့် နောင်အချိန်မှာ မဟာသိပ္ပံသင်တန်းအဆင့် ဖွင့်လှစ်ဖို့လည်း ဒါက ကျွန်တော်တို့ စဉ်းစားစီစဉ်ဆောင်ရွက်လျက်ရှိတယ်ဆိုတဲ့အကြောင်းကိုလည်း ပြောလိုပါတယ်။ ဒါက ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာ ဦးစီးဌာန အောက်မှာရှိတဲ့ တက္ကသိုလ်တွေအနေနဲ့ ဆောင်ရွက်နေတဲ့ကိစ္စ ဖြစ်ပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကျွန်တော်ဟာ မြန်မာနိုင်ငံဆရာဝန်အသင်းမှာ ကျွန်တော် ရန်ကုန်မှာရှိတုန်းကလည်း ပညာရေးရာအဖွဲ့ရဲ့ တွဲဖက်အတွင်းရေးမှူး၊ ဗဟိုရဲ့ အတွင်းရေးမှူး၊ တောင်ငူမှာ ပညာရေးရာအဖွဲ့ရဲ့ ဥက္ကဋ္ဌ၊ မန္တလေး ရွှေ့တုန်းကလည်း မန္တလေးဆရာဝန်အသင်းပညာရေးရာအဖွဲ့ရဲ့ အတွင်းရေးမှူးအဖြစ် တောက်လျှောက် ဆောင်ရွက်ခဲ့တဲ့လူ ဖြစ်တဲ့အတွက် ဆရာဝန်အသင်းအနေနဲ့ အထွေထွေရောဂါကု ပြင်ပဆရာဝန်များရဲ့ ပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လိုတာဝန်ယူဆောင်ရွက်နေတယ်ဆိုတာလည်း ကျွန်တော် သိပါတယ်။

လက်ရှိမှာ ဆရာဝန်အသင်း ရန်ကုန်နဲ့ မန္တလေး ကနေပြီးတော့ CCFM လို့ခေါ်တဲ့ Certificate for Completion of Family Medicine ဆိုတာကို ပေးလျက်ရှိပါတယ်။ အဲဒါ သင်တန်းက (၄)ခု ရှိပါတယ်။(၁) Emergency Management for General Practitioners ဒါ၊ (၂)ကတော့ Common Clinical Problems For General Practitioners, (၃)ကတော့ Public Health and Research Family Medicine, (၄) Diagnostic Medicine and Minor Surgical Procedures ဆိုပြီးတော့ နှစ်စဉ် နှစ်စဉ် ဒီ(၄)ခုကို ကျွန်တော်တို့ ပေးနေတဲ့အခါမှာ ဒီ(၄)ခု အောင်တယ်ဆိုလို့ရှိရင် လက်မှတ်ပေးပါတယ်။ ရန်ကုန်မှာ (၁)နှစ်ကို သင်တန်း(၂)ခုရှိပြီးတော့ မန္တလေးမှာ(၁)နှစ်ကိုသင်တန်း(၁)ခုရှိပါတယ်။ စာပေးစာယူသင်တန်းလည်း ရှိပါတယ်။ ဒီလို ဆောင်ရွက်လျက် ရှိတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့လည်း ပူးပေါင်းပြီးတော့ ကူညီဆောင်ရွက်လျက်၊ ကျန်းမာရေးဝန်ကြီးဌာနမှာရှိတဲ့ ဆရာဝန်ကြီးများ ပူးပေါင်း ပါဝင်ဆောင်ရွက် ကူညီလျက်ရှိပါတယ်။

မန္တလေးမှာဆိုရင် ဒီနှစ် (၃၀၀)ကျော် ရှိပါတယ်၊ တက်နေတာ ဒီသင်တန်းကို တက်နေတာ (၃၀၀)ကျော် ရှိပါတယ်။ စာပေးစာယူသင်တန်းများကိုလည်း မြန်မာနိုင်ငံဆရာဝန်အသင်း ရန်ကုန်ကနေ တိုးချဲ့ဖွင့်လှစ်လျက်ရှိပါတယ်။ ဆရာမြတ်ဉာဏစိုး မေးတဲ့ Systematic Institution ထူထောင်ရေးနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံဆရာဝန်အသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ တာဝန်ရှိသူများ ကျွန်တော်တို့နဲ့ အကျေအလည် ဆွေးနွေးပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့တွေကလည်း တတ်နိုင်သလောက် အကူအညီပေးလျက်ရှိပါတယ်။ နောက်လည်း ဆက်ပေးသွားမှာပဲ ဖြစ်ပါတယ်။ ဒီနောက်တစ်ခုက ကျွန်တော်တို့ မြန်မာနိုင်ငံဆေးပညာနဲ့ ဆေးပညာနှီးနွှယ်ဘာသာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာလက်မှတ်များ ဥပဒေ၊ ကျွန်တော်တို့ 1916 Medical Degree Act ကို ပြန်ပြီးတော့

ပြင်တာလည်း ကျွန်တော်တို့ ဒီ ပထမပြင်ဖို့ ကြိုးစားတာဟာ ပြင်ဆင်စရာတွေ များလွန်းလို့ အသစ်ပြန်ရေးရတဲ့ကိစ္စမှာ ရှေ့နေချုပ်ရုံးရဲ့ အကူအညီနဲ့ ရေးတာဟာ တော်တော်လည်း ခရီး ရောက်နေပြီ ဖြစ်ပါတယ်။ ဒါ ပြီးသွားလို့ရှိရင်တော့ ကျွန်တော်တို့ရဲ့ Capacity Building, Training Capacity ဒီထက်အများကြီး တိုးတက်လာပြီးတော့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါကြောင်း ဖြေကြားလို ပါတယ်။

ဒုတိယ ဆက်လက်ဖြေကြားရမယ့်ကိစ္စကတော့ ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ထန်တလန်မြို့ ထာအို ကျေးလက်ကျန်းမာရေးဌာနခွဲဟာ လူဦးရေ(၇၉၅)ဦးခန့်ရှိပြီးတော့ လူဦးရေ(၄၇၁၉)ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ဆလှဲကျေးလက်ကျန်းမာရေးဌာနအောက်မှာ ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနတစ်ခု မြှင့်တင်နိုင်ရန်အတွက် ထားရှိတဲ့ အခြေခံမူများအနေနဲ့ ကျေးရွာ အုပ်စု (၁၀)အုပ်စုမှ (၁၅)အုပ်စုအထိ သွားလာနိုင်တဲ့နေရာဖြစ်ခြင်း၊ လူဦးရေ(၁၀၀၀၀)မှ (၁၅၀၀၀) ရှိခြင်းနဲ့ ခက်ခဲဒေသဖြစ်ရင် ခြွင်းချက်အဖြစ် ဖွင့်လှစ်နိုင်ခြင်းလို့ ပါရှိပါတယ်။ ဒါကြောင့်မို့လို့ ဆလှဲ ကျေးလက်ကျန်းမာရေးဌာနမှ ခြွင်းချက်အနေနဲ့ လူဦးရေ(၁၀၀၀၀)၊ (၁၅၀၀၀)မရှိဘဲနဲ့ (၄၇၁၉)ဦးနဲ့ ဖွင့်လှစ်ပေးထားတဲ့ ကျန်းမာရေးဌာနဖြစ်ကြောင်းလည်း ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ ဒါကြောင့် မို့လို့ ထန်တလန်မြို့နယ် ထာအိုကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် ဖွင့်လှစ်နိုင်ရန် သတ်မှတ်ထားသော အခြေခံမူအရ လူဦးရေဟာ နည်းလွန်းအားကြီးနေတဲ့အတွက် ကြောင့်မို့လို့ လေလောဆယ် အခြေအနေအရ ကျွန်တော်တို့ ဆလှဲ ကိုလည်း (၁၀၀၀၀)နဲ့ (၁၀၅၀၀) ရှိရမယ့်ကိစ္စမှာ (၄၇၁၉)ဦးခန့်နဲ့ ဖွင့်လှစ်ထားပေးပြီးပြီ။ နောက်ထပ် ပြီးတော့ ထာအိုကို ဖွင့်ဖို့ကလည်း (၇၉၉)ပဲ ရှိတဲ့အတွက် ယခုအချိန်မှာတော့ လတ်တလော အခြေအနေနဲ့ကတော့ အစီအစဉ် မရှိသေးဘူး။ ဒေသန္တရအလိုက်၊ ဒေသအလိုက်၊ စီမံကိန်းများနဲ့ ကဏ္ဍအလိုက် စီမံကိန်းတို့ လိုအပ်ချက်နဲ့အညီ ဒါ အခြေအနေဖြစ်ပေါ်လာတဲ့ အခါကျလို့ရှိရင်တော့ ဆန်းစစ် ဆောင်ရွက် ပေးသွားမှာ ဖြစ်တယ်ဆိုတဲ့ အကြောင်း ဖြေကြားလိုပါတယ်။

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဇဲမိုင်ကျေးလက်ကျန်းမာရေးဌာနခွဲဟာ လူဦးရေ (၂၀၈၁)ဦးခန့်ရှိပြီးတော့ လူဦးရေ(၅၅၉၇)ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ အိုင်ဘူး ကျေးလက် ကျန်းမာရေးဌာနအောက်မှာ ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနတစ်ခုအဖြစ် တိုးမြှင့် နိုင်ရန် သတ်မှတ်ထားတဲ့ အခြေခံမူအရ လူဦးရေ နည်းပါးနေပေမယ့်လည်း ဒေသအလိုက် စီမံကိန်း အရ လိုအပ်ချက်ရှိတယ်လို့ တင်ပြလာတဲ့အတွက် ထန်တလန်မြို့နယ်၊ ဇဲမိုင် ကျေးလက်ကျန်းမာရေး ဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဆင့် တိုးမြှင့်ဖို့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးအနေနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

တတိယတစ်ခုဖြစ်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ်၊ ဒေါန်ကျေးလက်ကျန်းမာရေး ဌာနခွဲ လူဦးရေ(၁၇၅၆)ဦးခန့် ရှိပြီးတော့ လူဦးရေ (၇၀၀၀)ကျော်ကို စောင့်ရှောက်မှုပေးနေတဲ့ လုံလဲရ် တိုက်နယ်ကျန်းမာရေးဌာနရဲ့အောက်မှာ ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနတစ်ခုအဖြစ် တိုးမြှင့် နိုင်ရန် သတ်မှတ်ထားတဲ့ အခြေခံမူအရ ထန်တလန်မြို့နယ်၊ ဒေါန်ကျေးရွာ ကျေးလက်ကျန်းမာရေး

ဌာနခွဲမှာ လူဦးရေဟာ (၁၇၅၆)ဦး အလွန်နည်းပါးနေတဲ့အတွက် ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးနိုင်ရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားလိုပါတယ်။

နောက်ဆုံး မေးခွန်းကတော့ ဒါ မနှစ်ကလည်း ကျွန်တော် ပြည်သူ့လွှတ်တော်မှာ ဖြေကြားပြီးသား ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ ကျေးရွာအုပ်စုပေါင်း (၁၄၀၀၀)နီးပါးလောက် ရှိပြီးတော့ ကျေးလက်ကျန်းမာရေးဌာန (၁၆၀၀)ပဲ ရှိတယ်။ ဒါကြောင့်မို့လို့ နှစ်စဉ် ကျေးလက်ကျန်းမာရေး ကျေးရွာအုပ်စုတိုင်းမှာ ကျွန်တော်တို့ ကျန်းမာရေးဌာနတစ်ခုရှိဖို့ ဆိုတဲ့ကိစ္စ မနှစ်ကလည်း ကျွန်တော် ဖြေကြားပြီးပါပြီ။ ပြန်ပြီးတော့ ဖြေပေးရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့မှာ ကျေးရွာအုပ်စု ပေါင်းက (၁၄၀၀၀)လောက်ရှိတယ်။ လက်ရှိဖွင့်ထားတာက (၁၆၀၀)ပဲ ရှိတယ်။ မနှစ်ကလည်း ကျွန်တော်တို့ အစိုးရလက်ထက်မှာ ဖွင့်ရမယ်ဆိုရင် (၃)နှစ်လောက်ပဲ ကျန်တော့တယ်။ (၁)နှစ်ကို ကျန်းမာရေး ဌာန (၄၀၀၀)လောက် ဖွင့်ရမလို ဖြစ်နေတယ်။ ရှိတာက (၁၆၀၀)၊ လိုအပ်တာက ကျေးရွာအုပ်စုပေါင်း က (၁၄၀၀၀)၊ (၁)နှစ်ကို (၄၀၀၀)လောက် ထပ်ဖွင့်ဖို့က ဘဏ္ဍာရေး အခြေအနေအရလည်း (၁)နှစ်ကို (၄၀၀၀)လောက် ကျေးလက်ကျန်းမာရေးဌာန ဖွင့်ဖို့က မဖြစ်နိုင်သေးသလို အင်အားမွေးထုတ်မှုအရ ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့က ကျေးလက်ကျန်းမာရေးမှူး မွေးထုတ်မှုက ပုံမှန်(၄)နှစ် သင်တန်းက (၁၅၀)နဲ့ ပေါင်းကူးတွေ ပေါင်းလိုက်ရင် ကျွန်တော်တို့ (၂၀၀)ပတ်ဝန်းကျင် (၁)နှစ်ကို မွေးထုတ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေမှာရှိတဲ့ သားဖွားဆရာမ မွေးထုတ်နှုန်းက ကျွန်တော်တို့ (၁)နှစ်ကို (၁၀၀၀)နဲ့ (၁၂၀၀)ကြား မွေးထုတ် နေပါတယ်။ ကျန်းမာရေးဆရာမကြီး LHV လို့ ခေါ်တာက ကျွန်တော်တို့ (၁၂၀)လောက် (၁)နှစ်ကို မွေးထုတ်ပါတယ်။

ဒါကြောင့်မို့လို့ (၁)နှစ်ကို (၄၀၀၀)နှုန်းလောက်နဲ့တော့ ကျွန်တော်တို့က ကျေးလက်ကျန်းမာရေးဌာနတွေကို ဖွင့်ဖို့ ငွေကြေးအင်အားအရရော လူအင်အားအရရောကတော့ အုပ်စု(၁)ခုကို ကျန်းမာရေးဌာန(၁)ခုတော့ ဖွင့်လှစ်နိုင်ခြင်း လတ်တလောမှာတော့ မရှိသေးပါဘူး။ ကျန်းမာရေး စီမံကိန်းတွေအရတော့ ကျေးလက်ကျန်းမာရေးဌာန (၁)နှစ်ကို (၆၀)နှုန်း တိုးဖွင့်ပါတယ်။ တိုက်နယ်ဆေးရုံတွေကလည်း ပြည်နယ်နဲ့ တိုင်း(၁)ခုကို (၃)ခုနှုန်းတိုးပြီးတော့ ဖွင့်ပါတယ်။ ဒီထက် တိုးဖွင့်နိုင်အောင် Capacity တိုးမြှင့်နိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမဲ့ လက်တလော အခြေအနေမှာတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာအုပ်စုတိုင်း အုပ်စုတိုင်းမှာ ကျန်းမာရေးဌာန ဖွင့်လှစ်ဖို့ကတော့ လောလောဆယ်မှာတော့ မဖြစ်နိုင်သေးဘူး။ ကျွန်တော်တို့ Capacity တိုးမြှင့်အောင် ကြိုးစားနေဆဲပဲ ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ထပ်ဆင့်မေးခွန်းကို မေးမြန်းခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ကတော့ လူသားတွေရဲ့ အသက်နဲ့ ရင်းပြီးတော့ Service ပေးနေရတဲ့ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်မှာ Quality Control ကို အသေအချာ ထိန်းသိမ်းထားနိုင်တဲ့အတွက်ကြောင့်မို့လို့ ဘွဲ့လွန်ဆေးပညာရှင်တွေရဲ့ အဆင့်အတန်းကို အရေအတွက်ပဲ မဟုတ်ဘဲနဲ့ အရည်အသွေးကို ဒီလိုထိန်းသိမ်းပြီးတော့ ဆောင်ရွက်ပေးနေတဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီးအမှူးပြုတဲ့ ဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးလည်း တင်ပါတယ်။ နောက်ပြီးတော့ ဒါကို ဂုဏ်လည်း ယူပါတယ်ဆိုတာကို ပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ GP ဆရာဝန်တွေဟာ ပြည်ထောင်စု ဝန်ကြီးလည်း ရှင်းပြပေးပြီးပါပြီ။ မွေးထုတ်ပေးဖို့ဆိုတာ Capacity- based နဲ့ သွားနေရတဲ့အတွက်ကြောင့်မို့လို့ လတ်တလောမှာ အဆင်မပြေနိုင်ဘူးဆိုတာလည်း နားလည်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ဘွဲ့လွန် ဆေးပညာ သင်ကြားရေး အခွင့်အလမ်းကလည်း ဒီ Family Medicine တစ်ခုက လွဲပြီးတော့ မရှိသလောက် ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ Family Medicine ဘာသာရပ်ကိုတော့ အဆင့်မြှင့်တင်ပေးဖို့ကို တိုက်လည်း တိုက်တွန်းရင်းနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အဲဒီအခါကျတော့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကို မေးမြန်းလိုတာက ခုန မေးမြန်းတဲ့အထဲမှာလည်း ပါ ပါတယ်။ Family Medicine ကို အခြား Speciality တွေနဲ့တန်းတူ သူတို့သည်လည်း အထွေထွေရောဂါကုဆရာဝန်များဟာလည်း ဂုဏ်ငယ်စရာမရှိပါဘူး။ သူတို့ဟာလည်း သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေကို ရှေ့တန်း ကနေပေးနေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ Family Medicine ကို Specialize Discipline တစ်ခုအဖြစ် သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတာရယ်၊ နောက် ခုနက အင်မတန် ဝမ်းသာဖို့ ကောင်းပါတယ်။ ကျန်းမာရေးဝန်ကြီး ဖြေကြားသွားတာ မဟာသိပ္ပံ M.Sc သင်တန်းမျိုးရောက်အောင် ဆောင်ရွက်သွားပါမယ်ဆိုတာ လေးလည်း ကြားသိလိုက်ရပါတယ်။ တိတိကျကျပေါ့၊ ဘယ်အချိန်မှာ နောင် (၃)နှစ်ကြာတဲ့အချိန် ဒါမှမဟုတ်လည်း နောင်(၂)နှစ်ကြာတဲ့အချိန် အဲဒီလိုလေး တိတိကျကျ ဖြေကြားပေးပါလို့ ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေတ္တာရပ်ခံပန်ကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ကျေးဇူး အများကြီးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီ Master အနေနဲ့ ဖွင့်ဖို့ကလည်း ကျွန်တော်တို့ကတော့ မူအားဖြင့်ကတော့ သဘောတူထားပြီးသားပါ။ Capacity အနေနဲ့ပဲ စဉ်းစားရတာ ဖြစ်ပါတယ်။ ဆရာတို့လည်း သိတဲ့အတိုင်းပဲ ဒီ GP အတွက် သင်တန်းဖွင့်တယ်ဆိုပေမယ့် သင်တာက ဆေးရုံ တွေမှာ သင်ရတာ ဖြစ်ပါတယ်။ ဆေးရုံတွေမှာ ပြည်သူဆေးရုံတွေမှာပဲ ခေါ်ယူပြီး သင်ကြားရတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ Capacity လေးက Train လုပ်မယ့်လူနဲ့ နေရာနဲ့ ဒါလေး နည်းနည်းလေး အခြေအနေလေး ရှိနေသေးလို့၊ ကျွန်တော် ခုနက ပြောသွားတဲ့ အနေအထားမျိုးမှာ တကယ်လို့ ခုနက ဥပဒေ ပြီးသွားတဲ့အခါကျလို့ရှိရင် ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုတဲ့ အဖွဲ့အစည်းများက Taining ပေး၊ ဘာဖြစ်လို့လဲဆိုတော့ Private Sector နဲ့ Private Public Partnership ဘက်ကို လမ်းဖွင့်တဲ့ ဥပဒေဖြစ်ပါတယ်။

ဒီဥပဒေ ပြဋ္ဌာန်းပြီးသွားတဲ့အခါကျလို့ရှိရင် ကျွန်တော်တို့က ကျန်းမာရေးဝန်ကြီးဌာနက အသိအမှတ်ပြုတဲ့၊ ဥပမာပေါ့ မြန်မာနိုင်ငံဆရာဝန်အသင်းကို အသိအမှတ်ပြုတယ်။ မြန်မာနိုင်ငံ ဆရာဝန်အသင်းသည် ကျွန်တော်တို့ရဲ့ Curriculum ကို ယူပြီးတော့ ပြင်ပမှာ ကျွန်တော်တို့ အငြိမ်းစား ယူသွားတဲ့ ပညာရှင်ဆရာကြီးတွေ အများကြီးရှိတယ်။ ဒီဆရာကြီးတွေသည် Private ဆေးရုံတွေမှာ ဒီလို Train လုပ်နိုင်တာကို ကျွန်တော်တို့ အသိအမှတ်ပြုတယ်။ လက်ခံတယ်။ ဆေးကောင်စီကလည်း အသိအမှတ် ပြုတယ်။ Validation, Accreditation ကို လက်ခံတယ်ဆိုရင် ဒါသည် Training Capacity ချက်ချင်းအများကြီးတိုးသွားမှာ ဖြစ်တယ်။ ကျွန်တော်တို့ အစိုးရဆေးရုံကတော့ ဒီလောက် ဒီလောက်ပဲရှိတဲ့အတွက် ချက်ချင်းကြီး တိုးဖို့က မလွယ်ဘူး။ ခုန Law သာ ပွင့်သွားလို့ ကျွန်တော်တို့က

Private Sector, ပုဂ္ဂလိကဆေးရုံတွေနဲ့ မြန်မာနိုင်ငံဆရာဝန်အသင်းတို့လို မြန်မာနိုင်ငံဆေးကောင်စီရဲ့ Validation စံသတ်မှတ်မှုအောက်မှာ လုပ်နိုင်မယ်ဆိုရင် Training အများကြီးပွင့်လာမှာ ဖြစ်ပါတယ်။

အဲဒီတော့ Speciality တစ်ခုအနေနဲ့လည်း အဲဒီအချိန်မှာ ပီပီပြင်ပြင် သတ်မှတ်လို့ ရလာမှာလည်း ဖြစ်ပါတယ်။ ဒါလည်း ကျွန်တော် သိပ်မကြာဘူးထင်ပါတယ်။ ဒါလည်း ကျွန်တော် တစ်ဖက်က ပြန်ပြော ရလို့ရှိရင် လွှတ်တော်ပေါ်မှာ မူတည်တယ်လို့တော့ ပြောတာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့လည်း ဆွဲမယ်။ ပြည့်စုံတယ်၊ Critiera လည်း၊ ကျွန်တော်တို့ စဉ်းစားရမယ့်အချက်က ဘာရှိလဲဆိုတော့ AEC - ASEAN Economic Community ရဲ့ ၂၀၁၅ ကိစ္စ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ ဒီဒေသတွင်း နိုင်ငံအားလုံးမှာ ဒီ Legal Frame Work တွေ ရှိပါတယ်။ Core Competency အဲဒီမှာ ဆရာဝန်ဆိုရင် ဘာတွေတတ်ရမလဲ၊ သူနာပြုဆို ဘာတွေ တတ်ရမလဲ၊ သားဖွားဆိုရင် ဘာတွေ တတ်ရမလဲ၊ Technicians ဘာတွေတတ်ရမလဲ၊ ကျွန်တော်တို့ နိုင်ငံအားလုံး Ministry of Labour ကို Focal ထားပြီးတော့ လက်မှတ်ထိုးရတာတွေ ရှိပါတယ်။ အဲဒါတွေ မရှိရင် ကျွန်တော်တို့က AEC ဝင်လာတဲ့အခါမှာ ကျွန်တော်တို့ Regional အဆင့်မှာ အသိအမှတ် မပြုခံရတာတွေ ဖြစ်နိုင်တယ်။ ဒါနဲ့ တစ်ညီတည်းဖြစ်အောင် Inline ဖြစ်အောင် ကျွန်တော်တို့ ဒါကို ဆောင်ရွက်နေတယ် ဆိုတာလည်း ကျွန်တော့်အနေနဲ့ ဒါ အသိပေးပြောကြားလိုပါတယ်။ အဲဒီအခါ ကျရင် ကျွန်တော်တို့ ဆရာဝန်တွေရော၊ ဆရာမတွေရော၊ သူနာပြုတွေရောသည် ဒီ Region အားလုံးမှာ အဆင်ပြေစွာနဲ့ အလုပ် လုပ်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ GP တွေအတွက် လုပ်ပေးထားတဲ့အချက်က ကျွန်တော်တို့ လက်ရှိအစိုးရ လက်ထက်မှာ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အရင်တုန်းက MRCP, FRCS, MRCOG စတာတွေသည် အစိုးရဆရာဝန်တွေ၊ အစိုးရဆရာဝန်တောင်မှ M.Sc အောင်ပြီးမှ ဖြေခွင့်ရတာ ဖြစ်ပါတယ်။ အင်္ဂလန်နိုင်ငံရဲ့ Royal College စာမေးပွဲတွေကို ကျွန်တော်တို့ အခုအချိန်မှာ အစိုးရဆရာဝန်ရော၊ GP ဆရာဝန်ရော M.Sc အောင်စရာ မလိုဘူး။ ဆမသက်တမ်း (၁)နှစ်ရှိလို့ရှိရင် ဖြေခွင့် ကျွန်တော်တို့ ပေးထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ မနှစ်ကစပြီး ဖြေလိုက်တဲ့အခါမှာ GP ဆရာဝန်များ အများကြီး အောင်ပါတယ်။ MRCP Part 1 ကို၊ ကြွားပြောတာတော့ မဟုတ်ပါဘူး။ အင်္ဂလန်ရဲ့ပြင်ပ၊ UK ရဲ့ ပြင်ပမှာဖြေတဲ့ Centre တွေ အားလုံးမှာ ရန်ကုန် Centre ဟာ တစ်ကမ္ဘာလုံးမှာ အောင်ချက်အကောင်းဆုံး ဖြစ်ပါတယ်။ အဲဒီအခါကျတော့ ကျန်းမာရေးဝန်ကြီး ဌာနမှာ အလုပ်က နည်းနည်းပိုရှုပ်လာတယ်။ (၄၀၀)လောက်ဖြေတာ (၃၀၀)ကျော်လောက်အောင်တယ်။ သူတို့ကို နေရာပေးဖို့က ကျွန်တော်တို့မှာ စဉ်းစားရပြန်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ကလေးတွေ အင်မတန် ကြိုးစားပါတယ်။ စာမေးပွဲတွေ အင်မတန် အောင်ပါတယ်။ UK Centre ပြီးလို့ရှိရင် ရန်ကုန် Centre သည် MRCP အောင်ချက် အကောင်းဆုံး ဖြစ်ပါတယ်။ မနှစ်ကလည်း မြန်မာပြည်မှာ လာပြီးတော့ MRCS စစ်သွားပါတယ်။ (၃၀)ကျော် တစ်ခါတည်း အောင်ပါတယ်။ အရင်တုန်းက FRCS ဆရာဝန်ဆိုတာ (၄)၊(၅)၊(၁၀)ယောက် လောက် တစ်ပြည်လုံး ဖြစ်ဖြစ်မည်အောင် ရှိတဲ့အခါမှာ တစ်ကြိမ်တည်းမှာ (၃၀)ကျော်လောက် အောင်တယ်ဆိုတာကလည်း အရှေ့ဖျားမှာတော့ စံချိန်အကောင်းဆုံး ဖြစ်ပါတယ်။ ဒါလေးတွေ ကိုလည်း တစ်ဖက်က Maintain လုပ်ရင်းကနေ တစ်ဖက်ကလည်း အရေအတွက် တိုးမြှင့်သွားအောင်

လုပ်ပေး သွားပါ့မယ် ဆိုတဲ့အကြောင်းကို ဖြေကြားလိုပါတယ်။ ဒီလွှတ်တော် ဥပဒေ Pass လုပ်တဲ့အခါမှာ ဆိုရင်တော့ အမြန်ဆုံး ကျွန်တော်တို့ ဒီ GP ဆရာဝန်တွေအတွက်တင် မကပါဘူး။ သူနာပြုတွေ၊ သားဖွားတွေ၊ Pharmacy တွေ၊ Technicians တွေအတွက်ပါ ဒီ လမ်းပွင့်လာပြီ ဖြစ်တဲ့အကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး ကနေ တစ်ဆင့် ပြည်ထောင်စုဝန်ကြီးကို ကျွန်တော် အနည်းငယ်မေးချင်ပါတယ်။ ကျွန်တော်တို့ အမျိုးသား လွှတ်တော်မှာ လူမှုရေးခက်ခဲတဲ့ ဝေးလံခေါင်ပါးတဲ့ဒေသ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ ဖွံ့ဖြိုးပြီးဒေသ ပြည်သူများထဲ ကန့်သတ်ချက်တွေ၊ စည်းမျဉ်း၊ စည်းကမ်းသဘော ဒါတွေကို လျှော့ပေါ့ပြီးတော့ အထူးဦးစားပေး ဆောင်ရွက်ပေးရန် ဆိုပြီးတော့ ကျွန်တော်တို့ အမျိုးသား လွှတ်တော်က ဆုံးဖြတ်ခဲ့တယ်။ အဲဒီဆုံးဖြတ်တဲ့ဟာကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဒါ ဘယ်လို မြင်သလဲ။

နောက် အခု ကျွန်တော် ပြောတာက ဥပမာ -ကျွန်တော်တို့ ရွာနားမှာ ရွာတစ်ရွာ ရှိတယ်။ အဲဒီရွာက (၁၅)အိမ်လောက်ပဲရှိတယ်။ ဟို အိန္ဒိယနယ်စပ်မှာ ရှိတာ။ သူတို့ရွာက တစ်ရွာလုံး နေမကောင်း ဖြစ်နေတယ်။ ဖြစ်တဲ့အခါမှာ ထန်တလန်မှာ သတင်းပို့တာတို့ ဘာတို့က တစ်လလောက် ကြာတယ်။ တစ်လလောက် ကြာတဲ့အခါမှာ လူ(၁၀)ယောက်က သေသွားတယ်။ ရွာကလူဦးရေက အနောက်အိမ်ခြေက (၁၅)အိမ်မှ မရှိတာ။ အဲဒါမျိုးက ဒီသီးသန့် ရွာပုံစံ ရှိတာပေါ့။ အဲဒါကြောင့် ကျွန်တော်တို့ လူမှုရေးခက်ခဲတဲ့ဒေသ တောင်ပေါ်ဒေသမှာ ဆိုလို့ရှိရင် တစ်ရွာက ဟိုးတောင်ကုန်း ပေါ်မှာ ရှိတယ်။ အနီးအနားမှာ ရွာ တစ်ရွာလောက်ပဲရှိတယ်။ အဲဒါကြောင့် လူဦးရေကို အဓိက ကြည့်ပြီးတော့ လူနည်းတယ် ဆိုတာမျိုးကတော့ အဲဒီလူဦးရေနည်းတဲ့ ရွာတွေကတော့ ဘယ်တော့မှ သားဖွားဆရာမလည်း ရမှာမဟုတ်ဘူး။ ကျန်းမာရေး ဌာနလည်း ရမှာမဟုတ်ဘူး။ အဲဒီအခါမှာ တစ်ရွာလုံးလည်း သေနိုင်တယ်။ အဲဒါကြောင့် လူဦးရေကိုပဲ အဓိက ထားပြီးတော့ ကျန်းမာရေးဌာနတွေ ဖွင့်ဖို့ဖြစ်နိုင်သလား။ နောက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာတို့၊ ဘာတို့ကို ကြည့်ပြီးတော့ သွားဖို့လာဖို့ မလွယ်လို့ ဒါမျိုးရှိသလား အဲဒါကြောင့် ကျွန်တော် ဝန်ကြီးကို ပြောချင်တာကတော့ ဝန်ကြီး ရှင်းပြတာကိုလည်း ကျွန်တော်က သဘောမပေါက်လို့ ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် လူဦးရေကိုပဲ အဓိကထားပြီးတော့ ကျေးလက်ကျန်းမာရေးဌာနတို့၊ စာသင်ကျောင်းတို့ ဖွင့်လှစ်ဖို့ ဖြစ်နိုင်ပါသလား ဆိုတာမျိုးကို နည်းနည်းပါးပါး ပြန်ရှင်းပြစေချင်ပါတယ်။

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လူကြီးမင်း ပြောတဲ့ ဒုတိယတစ်ခုက ပိုဖြစ်နိုင်ပါတယ်။ ကျွန်တော် ရှင်းပြတာ သဘောမပေါက်တာ ဖြစ်နိုင်ပါတယ်။ လျှော့ပေါ့ပြီး စဉ်းစားပေးပါတယ်ဆိုတာကို ကျွန်တော် တင်ပြသွားပါတယ်။ တကယ်စံသတ်မှတ်ချက်က လူဦးရေ(၁၀၀၀၀)ခန့်ကနေ (၁၅၀၀၀)ခန့် ဖြစ်ပါတယ်။ လျှော့ပေါ့ပြီးတော့ ဆလုံကို (၄၇၁၉)ဦးနဲ့ ကျွန်တော်တို့ ဖွင့်လှစ်ထားပေးပြီး ဖြစ်ပါတယ်။ တကယ်ကတော့ (၁၀၀၀၀)နဲ့ (၁၅၀၀၀)ကြားမှာရှိမှ ဖွင့်ပေးမယ်လို့ဆိုပေမယ့် လမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်၊ လူဦးရေကျဲပါးတယ်ဆိုတော့ လူဦးရေ (၄၇၀၀)ကို ကျွန်တော်တို့ Criteria နဲ့ မကိုက်ညီပေမယ့် လျှော့ပေါ့ပြီးတော့ ဖွင့်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ (၇၉၅)ဦးကို ထပ်ဖွင့်ဖို့ကျတော့ အဲဒီလိုသာ ထပ်လျှော့ရမယ်ဆိုရင်တော့လည်း ဘတ်ဂျက်

အခြေအနေအရ၊ လူအင်အားအခြေအနေအရကတော့ လူ(၇၀၀)အတွက် ကျေးလက်ကျန်းမာရေးဌာန တစ်ခုကတော့ မဖြစ်နိုင်သေးပါဘူး။

ခုန ကျွန်တော် တင်ပြပြီးပါပြီ။ ကျေးရွာအုပ်စုပေါင်း (၁၄၀၀၀)ကျော်ရှိတဲ့အခါမှာ ကျွန်တော်တို့မှာ (၁၆၀၀)ကျော်ပဲ ဖွင့်ရသေးတယ်။ ဒီဟာကို ထပ်ပြီးတော့ တောင်းတယ်ဆိုလို့ရှိရင် ကျွန်တော်တို့က သူ့ထက် ဦးစားပေးရမယ်ဟာတွေ ရှိပါတယ်၊ ရှိနိုင်ပါတယ်။ တန်းစီပြီးတော့ စဥ်းစားလိုက်မယ်ဆိုရင် (၁၅၀၀၀)မရှိသော်လည်း (၁၂၀၀၀) ရှိပါတယ်။ (၁၂၀၀၀) မရှိသော်လည်း (၁၀၀၀၀) ရှိပါတယ်။ (၁၀၀၀၀) မရှိသော်လည်း (၈၀၀၀) ရှိပါတယ်။ ဒီလိုဒီလို စဥ်းစားရမယ့်အခါမှာ (၇၉၅)ဦးအထိ ဆင်းဖွင့်ပေးဖို့ကတော့ အခက်အခဲ ရှိပါတယ်။ ဒါလူဦးရေနဲ့ ပတ်သက်လို့ ပြောတာပါ။ နောက်တစ်ခုက ဒီမှာလည်း ဇမိုင်ဆိုလို့ရှိရင် (၂၀၈၁)ဦး အဲဒါကိုလည်း တကယ်က သူက အိုင်ပု အောက်မှာရှိတယ်။ အိုင်ပုက (၅၅၉၇)ဦးရှိတယ်။ ဒါလည်း ချင်းပြည်နယ်အတွက်ကို အထူးလျှော့ပေါ့ပြီး ပေးထားတာပါ။ ပြည်မမှာဆို (၁၀၀၀၀)နဲ့ (၁၅၀၀၀)ကြားမှာ ရှိရမယ့်ကိစ္စကို ဆလှဲကို (၄၇၀၀)နဲ့ ကျွန်တော်တို့ ပေးထားတယ်။ အိုင်ပုကို (၅၅၀၀)ကျော်နဲ့ ကျွန်တော်တို့ ပေးထားတယ်။

အဲဒီအခါမှာ နောက်ထပ်ပြီးတော့ ဇမိုင်ကိုလည်း ခက်ခဲလို့ဆိုပြီးတော့ လူဦးရေနည်းပေမယ့် ဒေသစီမံကိန်းအရ အရေးကြီးပါတယ်ဆိုလို့ (၂၀၈၁)ဦးနဲ့ ကျွန်တော်တို့ ထပ်ပေးမှာပဲဖြစ်တယ်။ ဆိုတော့ လူကြီးမင်း စဥ်းစားကြည့်မယ်ဆိုရင် (၁၀၀၀၀)၊ (၁၅၀၀၀)ကနေ (၂၀၈၁)ဦးအထိ ကျွန်တော်တို့ ဆင်းလာပြီး ဖြစ်တယ်။ (၇၉၅)ဦးအထိ ထပ်ဆင်းမယ်ဆိုလို့ရှိရင် ကျွန်တော့် မြွေကြီးက လျှော့ရင်း၊ လျှော့ရင်းနဲ့ လုံးလုံးကြီးဖြစ်သွားမယ်။ အလျားနဲ့အနံ တူလာရင် မြွေက ရှည်ရှည်ကြီး မဟုတ်တော့ဘဲနဲ့ လုံးလုံးကြီး ဖြစ်သွားမယ့်သဘော ရှိပါတယ်။ အဲဒီတော့ မြွေဆိုတာကတော့ လုံးလုံးကြီးတော့ ဖြစ်လို့မရပါဘူးထင်ပါတယ်ခင်ဗျ။ လောလောဆယ်အခြေအနေမှာ ကျွန်တော်တို့ လူဦးရေအရ ကန့်သတ်ချက် ရှိပေမယ့်လည်း လျှော့ပေါ့စဥ်းစားပေးတာ ရှိတယ်။ လမ်းပန်းဆက်သွယ်ရေးအရ ခက်ခဲတဲ့ဒေသ ဖြစ်တာရယ်နဲ့ လျှော့ပေါ့စဥ်းစားပေးတာ ရှိပါတယ်။ ဒါ ကျွန်တော် အလွယ်ဆုံး၊ အရှင်းဆုံးပြောရရင် ကျွန်တော်တို့က Service ပေးတဲ့ဌာန ဖြစ်ပါတယ်။ အားလုံးကို ပေးချင်ပါတယ်။ လူကြီးမင်းတို့ တောင်းတာလည်း အလွန်သဘာဝကျပါတယ်။ ရွာတိုင်းမှာ ဆေးခန်းရှိချင်တယ်။ သဘာဝကျပါတယ်။ ဆေးခန်းတိုင်းမှာလည်း ဖြစ်နိုင်ရင် ကျန်းမာရေးမှူး မက ဆရာဝန်ရှိစေချင်တယ်။ ဒါလည်း သဘာဝကျတယ်။ ကျွန်တော်တို့လည်း ဖြစ်စေချင်တယ်။ ဒါပေမဲ့ လက်တွေ့ ပကတိအခြေအနေတွေမှာ ကန့်သတ်ချက်တွေ ရှိပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်ချက်၊ လူအင်အား ကန့်သတ်ချက်၊ နည်းပညာ ကန့်သတ်ချက် စသည်ဖြင့် ကန့်သတ်ချက် အမျိုးမျိုးရှိတဲ့အတွက် လောလောဆယ်တော့ ကျွန်တော်တို့ အတတ်နိုင်ဆုံး လျှော့ပေါ့စဥ်းစားပေးထားပါတယ် ဆိုတဲ့အကြောင်းပဲ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ်ရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၂၅)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်ကျင်းပပါတော့မယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးစဉ်းစားပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးကနေ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးစဉ်းစားနိုင်ရန် တင်သွင်းသွားတဲ့ အဆိုအပေါ်မှာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဖေသောင်း မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့သဘောထား ရယူမှာဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဦးစောမော်ထွန်း (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ တင်ပြ ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော်က ၁၆-၁၀-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ၂၈-၁၀-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အစည်းအဝေး ပြုလုပ် ညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ လစာခေါင်းစဉ်မှ လက်ရှိခံစားနေသော ချီးမြှင့်ငွေအပေါ်တွင် ဝင်ငွေခွန် ကောက်ခံနိုင်ရန် အတွက်ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေများကို ပြင်ဆင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြလာပါသည်။

(ခ) အဓိကပြင်ဆင်သည့် အကြောင်းအရာမှာ ဝင်ငွေခွန် ဥပဒေအရ အခွန်ကောက်ခံနိုင်ရန်အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး

၌ ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည် ဆိုသည့် အခွန်ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အကြောင်းပြ ရှင်းလင်းချက် ပေးရာ၌ မည်သူမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေအပေါ်တွင် ဝင်ငွေခွန် ပေးဆောင်ရန်နှင့် ဝင်ငွေခွန်ပေးဆောင်ရာတွင်လည်း ပြန်တမ်းဝင်အရာရှိအဆင့် ဖြစ်မှသာ ပေးဆောင်ရန် ထည့်သွင်းဖော်ပြထားသဖြင့် အကျုံးဝင်သူအားလုံး အခွန်ပေးဆောင်နိုင်ရေး အတွက် ဖြစ်သည်ဟု ဖော်ပြထားပါသည်။

(ဂ) ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ ဥပဒေ ပြဋ္ဌာန်းချက်နှင့်ညီညွတ်စွာ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) သို့ရာတွင် ဝင်ငွေခွန်ဥပဒေပုဒ်မ(၈)နှင့် ပုဒ်မ(၉)တို့အရ လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည့် ဝင်ငွေအမျိုးအစား၌ ချီးမြှင့်ငွေဟု ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ဝင်ငွေခွန် ဥပဒေ၌ ဖြည့်စွက်ပြဋ္ဌာန်းရန် သို့မဟုတ် အဓိပ္ပာယ်ဖွင့်ဆိုခြင်းမျိုးပြုလုပ်ရန် လိုအပ်၊ မလိုအပ်ကိုလည်း ထည့်သွင်းစဉ်းစားရန် သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင် အရာရှိအဆင့်များနှင့် ပြည်သူ့ကိုယ်စားလှယ်များ၏ အခြေအနေမှာ မတူညီနိုင်သော ကွဲပြားမှုများရှိခြင်း၊ လစာနှင့်စရိတ်များ၌ အဆင့်တူညီစွာ သတ်မှတ်ထားခြင်းမျိုး မဟုတ်ခြင်း၊ ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်များကို ပြည်သူ့ကိုယ်စားလှယ် အမျိုးအစားနှင့် လျော်ညီစွာ ခံစားနိုင်ရန် နိုင်ငံတော်၏ အခြေအနေအရ သီးခြားဥပဒေများဖြင့် ပြဋ္ဌာန်းထားခြင်းတို့ကို ဘက်စုံ သုံးသပ် ညှိနှိုင်းသင့်သည်ဟု သုံးသပ်တွေ့ရှိရပါ သည်။

(င) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်နှင့်အညီ ပြည်သူ့ကိုယ်စားလှယ် အားလုံးသည် အခွန်ပေးဆောင်ရန် ကိုယ်ရောစိတ်ပါ အစဉ် အသင့်ရှိပါသည်။ အခြေခံဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်အရသာမက ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်နှင့် ခံယူချက်များအရ နိုင်ငံတော်အပေါ် ပေးဆပ်ရန်ရှိသည်များကို ပေးဆပ်ရမည်ဟု နားလည်ထားပြီးဖြစ်သည်ဟု ခန့်မှန်းနိုင်ပါသည်။ သို့ရာတွင် တည်ဆဲဥပဒေများ၌ ပယ်ဖျက်ရန်သာမက ဖြည့်စွက်ရန်ရှိသည်များကိုလည်း ဖြည့်စွက်ရန် လိုအပ်ပါသည်။ အရာရာကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ဦးတည်ကြရမည် ဖြစ်ပါသည်။

(စ) လက်ရှိအချိန်တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်

ကောင်စီဝင်များ၏ လစဥ်ချီးမြှင့်ငွေများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့် အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ လျှော့ချ၍ ခံစားလျက် ရှိကြပါသည်။ သို့ရာတွင် သက်ဆိုင်ရာ ဥပဒေများ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ချီးမြှင့်ငွေများကို ယခုတိုင် လျှော့ချပြင်ဆင်ခြင်း မပြုလုပ်ရသေးကြောင်း တွေ့ရှိရ ပါသည်။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း မခံစားဘဲ ယခုအတိုင်း လျှော့ချ၍ ဆက်လက် ခံစားမည်ဆိုပါက သက်ဆိုင်ရာဥပဒေများ၌ လျှော့ချ ပြင်ဆင်ပြဋ္ဌာန်းရန် လက်တွေ့ ကျကျ ဆောင်ရွက်ရပါမည်။ ဥပဒေပြဋ္ဌာန်းချက်အတိုင်း မခံစားခြင်းသည် ယာယီ သဘောမဟုတ်ဘဲ သက်တမ်းအားဖြင့် ထက်ဝက်ကျော်ခဲ့ပြီဖြစ်ရာ သက်ဆိုင်ရာ ဥပဒေများအား ပြင်ဆင်ရန် အချိန်တန်ပြီဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

(ဆ) ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ စရိတ်နှင့်အဆောင်အယောင် သတ်မှတ်ချက်များ သည်လည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး နယ်ပယ်(၃)ရပ်စလုံး အတွက် ဖြစ်နိုင်သမျှ ညီညွတ်မှုရှိအောင် ပြင်ဆင်ပြဋ္ဌာန်းသင့်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

(ဇ) သို့ဖြစ်ပါ၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင် များဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် မူလဥပဒေပုဒ်မ ၃ တွင် ဖော်ပြ ထားချက်များအစား နိုင်ငံတော်သမ္မတသည် လစဥ် ချီးမြှင့်ငွေ ကျပ်တစ်ဆယ့်ငါးသိန်း ခံစားခွင့်ရှိသည် ဟု လည်းကောင်း၊ မူလပုဒ်မ ၄ အစား ဒုတိယသမ္မတသည် လစဥ် ချီးမြှင့်ငွေ ကျပ်တစ်ဆယ့်နှစ်သိန်း ခံစားခွင့်ရှိသည် ဟု လည်းကောင်း၊ မူလပုဒ်မ ၅ အစား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စု တရားသူကြီးချုပ် တို့သည် လစဥ်ချီးမြှင့်ငွေ ကျပ် တစ်ဆယ့်နှစ်သိန်း ခံစားခွင့်ရှိသည် ဟုလည်းကောင်း၊ မူလပုဒ်မ ၆ အစား အောက်ပါ ပုဂ္ဂိုလ်များသည် လစဥ် ချီးမြှင့်ငွေ ကျပ်ရှစ်သိန်း ခံစားခွင့်ရှိသည် ဟု လည်းကောင်း၊ မူလပုဒ်မ ၇ အစား အောက်ပါ ပုဂ္ဂိုလ်များသည် လစဥ် ချီးမြှင့်ငွေ ကျပ်ခြောက်သိန်း ခံစားခွင့်ရှိသည် ဟု လည်းကောင်း၊ မူလပုဒ်မ ၂၀ အစား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ၊ တို့သည် အဆောင်အယောင်အဖြစ် အောက်ပါတို့ကို ခံစားခွင့်ရှိသည် ဟုလည်းကောင်း၊ မူလပုဒ်မ ၁၉ တွင် ဒုတိယ သမ္မတ ဟူသည့် စာသား၏နောက်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဟူသော စာသားအားလည်းကောင်း ဖြည့်စွက်ပြီး ပုဒ်မ ၄၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၁၇ နှင့် အပိုဒ် ၁၈ တို့အဖြစ် ဖော်ပြသင့်ပါသည်။

(ဈ) ထို့အပြင် စရိတ်ခံစားခွင့်နှင့် ပင်စင်ချီးမြှင့်ငွေများအတွက်လည်း ဥပဒေကြမ်း၏ မူလ ပုဒ်မ ၁၀ နိုင်ငံတော်သမ္မတနှင့် ဇနီးအတွက် လည်းကောင်း၊ ဒုတိယသမ္မတများနှင့် ဇနီးအတွက် လည်းကောင်း ဟူသော စာသား၏နောက်တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီးအတွက်လည်းကောင်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီးအတွက်

လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဇနီးအတွက် လည်းကောင်း ဟု ပြင်ဆင်ပြီး အပိုဒ် ၉ အဖြစ် လည်းကောင်း၊ မူလပုဒ်မ ၁၂ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏မိသားစုများ ဟူသော စာသား၏နောက်တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့၏ မိသားစုများ၊ ပြည်ထောင်စု တရားသူကြီးချုပ်၏ မိသားစု ဟု ပြင်ဆင်ပြီး အပိုဒ် ၁၁ အဖြစ် လည်းကောင်း၊ မူလ ပုဒ်မ ၁၁၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ ၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၆ တို့တွင် နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများ ဟူသော စာသား၏ နောက်တွင် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု တရားသူကြီးချုပ် ဟု လည်းကောင်း ဖြည့်စွက်ပြီး အပိုဒ် ၁၀၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ နှင့် အပိုဒ် ၁၉ တို့အဖြစ် ဖော်ပြသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေ ခွဲ(က) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာ

ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ကျွန်တော့်အနေနဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ ကိုယ်စား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးစဉ်းစားပေးပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ကျွန်တော် ဦးဆလိုင်းခွဲယန် က ထောက်ခံပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးဆွန်ဒုတ်ကျင့် (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကျွန်တော်မှ ရှင်းလင်းတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော်က ၁၆-၁၀-၂၀၁၃ ရက်နေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ စတင်ဆွေးနွေးရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၈-၁၀-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အစည်းအဝေး ပြုလုပ်ညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ လစာခေါင်းစဉ်မှ လက်ရှိခံစားနေသော ချီးမြှင့်ငွေအပေါ်တွင် ဝင်ငွေခွန်ကောက်ခံနိုင်ရန်အတွက် ချီးမြှင့်ငွေ၊

စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြလာပါသည်။

(ခ) အဓိကပြင်ဆင်သည့် အကြောင်းအရာမှာ ဝင်ငွေခွန် ဥပဒေအရ အခွန်ကောက်ခံနိုင်ရန်အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေ၌ ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည် ဆိုသည့် အခွန်ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

(ဂ) ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ ဥပဒေ ပြဋ္ဌာန်းချက်နှင့်ညီညွတ်စွာ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်သာမက ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်နှင့် ခံယူချက်များအရ နိုင်ငံတော်အပေါ် ပေးဆပ်ရန် ရှိသည်များကို ပေးဆပ်ရမည် ဟု နားလည်ထားပြီးဖြစ်သည် ဟု ခန့်မှန်းနိုင်ပါသည်။ သို့ရာတွင် တည်ဆဲဥပဒေများ၌ ပယ်ဖျက်ရန်သာမက ဖြည့်စွက်ရန်ရှိသည်များကို လည်း တစ်ပါတည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(င) သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂ ၌ ပုဒ်မ ၂၂ ကို ပယ်ဖျက်ရမည် ဟူသည့် ဖော်ပြချက်အစား ပုဒ်မ ၂၃ ကို ပယ်ဖျက်ရမည် ဟုလည်းကောင်း၊ အပိုဒ် ၃ ၌ ပုဒ်မ ၂၃ နှင့် ၂၄ တို့ကို ပုဒ်မ ၂၂ နှင့် ၂၃ တို့အဖြစ် အသီးသီး ပြန်လည်အမှတ်စဥ်ရမည် ဟူသည့် ဖော်ပြချက်အစား ပုဒ်မ ၂၄ နှင့် ၂၅ တို့ကို ပုဒ်မ ၂၃ နှင့် ၂၄ တို့အဖြစ် အသီးသီး ပြန်လည် အမှတ်စဥ်ရမည် ဟု လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၃ အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌတို့သည် လစဥ် ချီးမြှင့်ငွေ ကျပ်ရှစ်သိန်း ခံစားခွင့်ရှိသည် ဟုလည်းကောင်း၊ မူလပုဒ်မ ၄ အစား အောက်ပါပုဂ္ဂိုလ်များသည် လစဥ်ချီးမြှင့်ငွေ ကျပ်ခြောက်သိန်း ခံစားခွင့်ရှိသည် ဟု လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၅ အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးတို့သည် လစဥ်ချီးမြှင့်ငွေ ကျပ်လေးသိန်း ခံစားခွင့်ရှိ သည် ဟု လည်းကောင်း ပြင်ဆင်ပြီး အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅ နှင့် အပိုဒ် ၆ တို့အဖြစ် ဖော်ပြသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် မူလပုဒ်မ ၅ ၌ ဖော်ပြထားသည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဟူသည့် ဖော်ပြချက်အား ဤပြင်ဆင်သည့်ဥပဒေကြမ်းတွင် အပိုဒ် ၅၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဟု ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးစဉ်းစားပေးပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးပါရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးမြတ်ကို မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဦးအောင်ကြည်ညွန့် (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စု ဒုဝန်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များရဲ့ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်
ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်
ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၃-၂၀၂
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၁၆-၁၀-၂၀၁၃ ရက်နေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၈-၁၀-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အစည်းအဝေး ပြုလုပ်ညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ လစာခေါင်းစဉ်မှ လက်ရှိ ခံစားနေသော ချီးမြှင့်ငွေအပေါ်တွင် ဝင်ငွေခွန်ကောက်ခံနိုင်ရန်အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြလာပါသည်။

(ခ) အဓိကပြင်ဆင်သည့် အကြောင်းအရာမှာ ဝင်ငွေခွန် ဥပဒေအရ အခွန်ကောက်ခံနိုင်ရန်အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေ၌ ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည် ဆိုသည့် အခွန်ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

(ဂ) ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်စွာ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်သာမက ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်နှင့် ခံယူချက်များအရ နိုင်ငံတော်အပေါ် ပေးဆပ်ရန် ရှိသည်များကို ပေးဆပ်ရမည် ဟု နားလည်ထားပြီးဖြစ်သည် ဟု ခန့်မှန်းနိုင်ပါသည်။ သို့ရာတွင် တည်ဆဲဥပဒေများ၌ ပယ်ဖျက်ရန်သာမက ဖြည့်စွက်ရန်ရှိသည်များကိုလည်း တစ်ပါတည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(င) သို့ဖြစ်ပါ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် မူလဥပဒေ ပုဒ်မ ၃ တွင်

ဖော်ပြထားချက်များအစား ဥက္ကဋ္ဌသည် ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ဖြစ်သည့်အားလျော်စွာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ရရှိသည့် လစဥ်ချီးမြှင့်ငွေ ကျပ်ခြောက်သိန်း ခံစားခွင့်ရှိသည် ဟု လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၄ တွင် ဖော်ပြထားချက်အစား အလုပ်အမှုဆောင် ကော်မတီဝင်သည် လစဥ်ချီးမြှင့်ငွေ ကျပ်လေးသိန်း ခံစားခွင့်ရှိသည် ဟု လည်းကောင်း ပြင်ဆင်ပြီး အပိုဒ် ၄ နဲ့ အပိုဒ် ၅ တို့အဖြစ် ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၁၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေး စဉ်းစားပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းကို ကျွန်တော် ဦးခင်မောင်ဌေး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မှတ်(၁၀)က ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေး စဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဦးတင်ယု (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာ အား ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီဝင် ကျွန်တော် ဦးတင်ယု မှ ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>
နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်<br>
အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်<br>
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁)၁/ ၂၀၁၃-၂၀၃<br>
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၁၆-၁၀-၂၀၁၃ ရက်နေ့တွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၈-၁၀-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အစည်းအဝေး ပြုလုပ်ညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ လစာခေါင်းစဉ်မှ လက်ရှိ ခံစားနေသော ချီးမြှင့်ငွေအပေါ်တွင် ဝင်ငွေခွန်ကောက်ခံနိုင်ရန်အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြလာပါသည်။

(ခ) အဓိကပြင်ဆင်သည့် အကြောင်းအရာမှာ ဝင်ငွေခွန် ဥပဒေအရ အခွန်ကောက်ခံနိုင်ရန်အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေ၌ ဝင်ငွေခွန် ကောက်ခံခြင်းမှ ကင်းလွတ်စေရမည် ဆိုသည့် အခွန်ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

(ဂ) ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ ဥပဒေ ပြဋ္ဌာန်းချက်နှင့်ညီညွတ်စွာ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည် သာမက ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်နှင့် ခံယူချက်များအရ နိုင်ငံတော်အပေါ် ပေးဆပ်ရန်ရှိသည်များကို ပေးဆပ်ရမည် ဟု နားလည်ထားပြီးဖြစ်သည် ဟု ခန့်မှန်းနိုင်ပါသည်။ သို့ရာတွင် တည်ဆဲဥပဒေများ၌ ပယ်ဖျက်ရန်သာမက ဖြည့်စွက်ရန် ရှိသည်များကိုလည်း တစ်ပါတည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(င) သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် မူလဥပဒေပုဒ်မ ၃ တွင် ဖော်ပြထားချက်များအစား နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လစဉ်ချီးမြှင့်ငွေ ကျပ်ရှစ်သိန်း ခံစားခွင့်ရှိသည် ဟုလည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၄ တွင် ဖော်ပြထားချက်များအစား ကောင်စီဝင်သည် လစဉ်ချီးမြှင့်ငွေ ကျပ်ခြောက်သိန်း ခံစားခွင့်ရှိသည် ဟု လည်းကောင်း ပြင်ဆင်ပြီး အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့အဖြစ် ဖြည့်စွက်ဖော်ပြသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ရန်တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်း နိုင်ပါတယ်။

**ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၁။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စား ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေး စဉ်းစားပေးပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၂း၀၂။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က စဉ်းစားဆွေးနွေးရန် အဆိုတင်သွင်းခြင်းကို ကျွန်တော် ဦးဝင်းသိန်း ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၉)က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဦးဝင်းမောင် (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဝင်းမောင် ဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်သွင်းဖတ်ကြားမှာ ဖြစ်ပါတယ်ခင်ဗျား။

၁။ ပြည်ထောင်စုလွှတ်တော်က ၁၆-၁၀-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၈-၁၀-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက အစည်းအဝေးပြုလုပ်ညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(က) ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ လစာခေါင်းစဉ်မှ လက်ရှိခံစားနေသော ချီးမြှင့်ငွေအပေါ်တွင် ဝင်ငွေခွန်ကောက်ခံနိုင်ရန် အတွက်ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေများကို ပြင်ဆင်ရန် ပြည်ထောင်စုအစိုးရ အဖွဲ့က တင်ပြလာပါသည်။

(ခ) အဓိကပြင်ဆင်သည့် အကြောင်းအရာမှာ ဝင်ငွေခွန် ဥပဒေအရ အခွန်ကောက်ခံနိုင်ရန်အတွက် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်ဆိုသည့် အခွန်ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေအသီးသီး၌ ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်းသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်စွာ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သို့ရာတွင် ဝင်ငွေခွန်ဥပဒေပုဒ်မ(၈)နှင့် ပုဒ်မ(၉)တို့အရ လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည့် ဝင်ငွေအမျိုးအစား၌ ချီးမြှင့်ငွေဟု ပြဋ္ဌာန်းထားခြင်း မရှိသဖြင့် ဝင်ငွေခွန်ဥပဒေ၌ ဖြည့်စွက်ပြဋ္ဌာန်းရန် သို့မဟုတ် အဓိပ္ပာယ်ဖွင့်ဆိုခြင်းမျိုး ပြုလုပ်ရန် လိုအပ်၊ မလိုအပ်ကိုလည်း ထည့်သွင်းစဉ်းစားရန် သက်ဆိုင်ရာဌာန သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဆင့်များနှင့် ပြည်သူ့ကိုယ်စားလှယ်များ၏ အခြေအနေမှာ မတူညီနိုင်သော ကွဲပြားမှုများရှိခြင်း၊ လစာနှင့် စရိတ်များ၌ အဆင့်တူညီစွာ သတ်မှတ်ထားခြင်းမျိုး မဟုတ်ခြင်း၊ ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့်များကို ပြည်သူ့ကိုယ်စားလှယ် အမျိုးအစားနှင့် လျော်ညီစွာ ခံစားနိုင်ရန် နိုင်ငံတော်၏ အခြေအနေအရ သီးခြားဥပဒေများဖြင့် ပြဋ္ဌာန်းထားခြင်းတို့ကို ဘက်စုံ သုံးသပ်ညှိနှိုင်းသင့်သည် ဟု သုံးသပ်တွေ့ရှိရပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော်တို့ ချီးမြှင့်ငွေ ဟု ပြဋ္ဌာန်းထားခြင်း မရှိကြောင်း ဖော်ပြထားတဲ့နေရာမှာ ယခင် ပါလီမန် ခေတ်အခါတုန်းက

ချီးမြှင့်ငွေလို‌ပေးတဲ့ ငွေမျိုးကို လုပ်ငန်းကုန်ကျစရိတ်လို့ ခေါ်တွင်ခဲ့ပါတယ်။ သုံးခဲ့ပါတယ်။ ဒီနေ့ ချီးမြှင့်တာကလည်းပဲ လစာလို့ မခေါ်တွင်ပါဘူး။ မသုံးစွဲပါဘူး။ ဒါကြောင့်မို့လို့ ချီးမြှင့်ငွေလို့ သုံးစွဲတဲ့ အတွက် လစာနှင့် မတူပါကြောင်း၊ လစာခေါင်းစဉ်အောက်မှာ ချီးမြှင့်ငွေ မပါရှိပါကြောင်း တင်ပြအပ် ပါတယ်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံသားတိုင်းသည် ဥပဒေ အရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်နှင့် အညီ ပြည်သူ့ကိုယ်စားလှယ်အားလုံးသည် အခွန်ပေးဆောင်ရန် ကိုယ်ရောစိတ်ပါ အစဉ်အသင့် ရှိပါသည်။ အခြေခံဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်အရသာမက ပြည်သူ့ ကိုယ်စားလှယ်များ၏ တာဝန်နှင့် ခံယူချက်များအရ နိုင်ငံတော်အပေါ် ပေးဆပ်ရန် ရှိသည်များကို ပေးဆပ်ရမည်ဟု နားလည်ထားပြီးဖြစ်သည်ဟု ခန့်မှန်းနိုင်ပါသည်။ သို့ရာတွင် တည်ဆဲဥပဒေများ၌ ပယ်ဖျက်ရန်သာမက ဖြည့်စွက်ရန်ရှိသည်များ ကိုလည်း ဖြည့်စွက်ရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ ဝင်ငွေခွန် ပေးဆောင်ရမယ်ဆိုတဲ့ အချက်ကို သိရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းများ ပေးဆောင်သလိုပဲ နိုင်ငံ့ဝန်ထမ်းများ မဟုတ်သော်လည်းပဲ ကိုယ်ပိုင်စီးပွားရေး လုပ်နေသူများလည်း ဝင်ငွေခွန် ပေးဆောင်ရမယ် ဆိုတဲ့အချက် ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာလည်းပဲ ဝင်ငွေခွန် ပေးဆောင်လိုပါတယ်။ အခွန် ရှောင်လိုတဲ့သဘောနဲ့ တင်ပြနေခြင်း မဟုတ်ပါဘူး။ ကျွန်တော်တို့တစ်တွေဟာ လစာမဟုတ် ချီးမြှင့်ငွေ အဖြစ် ရရှိခြင်းနဲ့ အခြား စီးပွားရေးသမားများကဲ့သို့ ဝင်ငွေကိုရရှိခြင်း မဟုတ်ကြောင်းကို တင်ပြအပ် ပါတယ်။

(င) ဤဥပဒေတွင် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ အကြောင်းအရာများသာ ပါရှိပြီး ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များအတွက် ပြဋ္ဌာန်း ထားသည့် ဥပဒေများတွင် ချီးမြှင့်ငွေနှင့် စရိတ်များသာမက အဆောင်အယောင် ဆိုင်ရာ ပြဋ္ဌာန်းချက်များကိုပါ ပြည့်စုံစွာ သီးခြားပြဋ္ဌာန်းပေးထားသည်ကို လေ့လာ တွေ့ရှိရပါသည်။ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင် သတ်မှတ်ချက်များသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး နယ်ပယ်(၃)ရပ် စလုံးအတွက် ဖြစ်နိုင် သမျှ ညီညွတ်မှုရှိအောင် ပြင်ဆင် ပြဋ္ဌာန်းသင့်ကြောင်းကိုလည်း လေ့လာတွေ့ရှိရ ပါသည်။

(စ) ဤဥပဒေကြမ်းတွင် အကျုံးဝင်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေများကို လက်ရှိထက် တိုးမြှင့်ခံစားခွင့်ပြုသင့်ကြောင်း လေ့လာတွေ့ရှိရ

ပါသည်။ တိုးမြှင့်ခံစားခွင့်ပြုထိုက်သည့် အကြောင်းအရင်းများကို လေ့လာသုံးသပ်ရာ၌

(၁) လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေး အဆင့်မြင့်တာဝန်ကို ထမ်းဆောင်နေရခြင်း၊

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကျွန်တော်တို့ ဥပဒေပြုတဲ့ တာဝန်ကို လွှတ်တော်မှာ ထမ်းဆောင်နေရပါတယ်။

(၂) ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ဥပဒေပြုရေးလုပ်ငန်းအပြင် အခြားလွှတ်တော် လုပ်ငန်းများကို အချိန်ပြည့်နီးပါး ထမ်းဆောင်နေရခြင်း၊

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များဟာ လွှတ်တော်အတွင်းမှာ မေးခွန်းတွေ မေးမြန်းရပါတယ်။ အဆိုတွေ တင်ရပါတယ်။ နောက်မိမိတို့ရဲ့ ကော်မတီအလိုက်လည်းပဲ သက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကိုလည်းပဲ တက်ရောက်နေရပါတယ်။ ကော်မတီအစည်းအဝေးပွဲများကို တက်ရောက်ပြီးတော့လည်းပဲ ဘတ်ဂျက်လိုကိစ္စရပ်မျိုးကိုလည်းပဲ ကျွန်တော်တို့ဆောင်ရွက်နေကြပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်လုပ်ငန်းအပြင် အခြားလုပ်ငန်းများကိုလည်းပဲ အချိန်ပြည့်နီးပါး ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

(၃) လုပ်ငန်းတာဝန်အရ အခြားအစိုးရဌာန အဖွဲ့အစည်းများနှင့် ဆက်သွယ်ပေါင်းစပ် ဆောင်ရွက်နေရခြင်း၊

ဒါတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ စိုက်ပျိုးရေးဌာန၊ ဆောက်လုပ်ရေးဌာန၊ လ.ဝ.က အစရှိသော ဌာနများက ပုဂ္ဂိုလ်များကို ကျွန်တော်တို့ ဖိတ်ကြားပြီးတော့ ဥပဒေများကို ပြုစုတဲ့အခါမှာ၊ ပြင်ဆင်ရေးတဲ့အခါမှာ သူတို့နဲ့လည်း ညှိနှိုင်းပြီးတော့ ဆောင်ရွက်ခဲ့ရတာတွေလည်း ရှိပါတယ်။

(၄) မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများအပေါ် တာဝန်ခံဆောင်ရွက်နေရခြင်း၊ ကြားနာဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းလည်း ရှိပါတယ်။

(၅) အထက်ပါတာဝန်များကို ထမ်းဆောင်နေရသော်လည်း အဆင့်တူသည့် အုပ်ချုပ်ရေးအပိုင်းနှင့် တရားစီရင်ရေးအပိုင်းမှ ပုဂ္ဂိုလ်များထက် ချီးမြှင့်ငွေမှာ များစွာနိမ့်ကျပြီး အဆောင်အယောင် ခံစားခွင့်လည်း မရရှိပါဘူး။

ဒါကျွန်တော်တို့ တင်ပြနေတာဟာ အခြားဌာနက အုပ်ချုပ်ရေးဌာနမှ ပုဂ္ဂိုလ်များနှင့် တရားစီရင်ရေးဌာနက ပုဂ္ဂိုလ်များနှင့် ကျွန်တော်တို့ နှိုင်းယှဉ်ပြီးတော့ တင်ပြတာ မဟုတ်ပါဘူးခင်ဗျား။ သူတို့နဲ့ ယှဉ်ပြီးတော့ ကျွန်တော်တို့ကြည့်မယ်ဆိုရင် ချီးမြှင့်ငွေ၊ နောက် အဆောင်အယောင်များလည်းပဲ ဒီဘက်ကရရှိတာဟာ နိမ့်ကျနေပါတယ်လို့ တင်ပြခြင်း ဖြစ်ပါတယ်။

(၆) လွှတ်တော်တွင်း၌ လည်းကောင်း မိမိ၏မဲဆန္ဒနယ်၌ လည်းကောင်း အထောက်အကူပြု ကိုယ်ပိုင်ဝန်ထမ်းမရှိဘဲ မဲဆန္ဒရှင်ပြည်သူများကိုပင် အားကိုးအားထားပြု၍ မိမိ၏စရိတ်ဖြင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေရခြင်းဆိုတဲ့ အချက်ရှိပါတယ်။

သူတို့တွေဟာ ကွင်းဆင်းကြပါတယ်။ ပြည်သူတွေရဲ့ တင်ပြချက်ကို မှတ်သားကြပါတယ်။ ပြီးရင် ကျွန်တော်တို့ လွှတ်တော်ကို ပြန်လည်တင်ပြရပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များမှာ ကိုယ်ပိုင်ဝန်ထမ်းမရှိပါဘူး။ မဲဆန္ဒရှင်များကို အကူအညီတောင်းပြီးမှပဲ ဆောင်ရွက်နေရတာကိုလည်းပဲ တင်ပြအပ်ပါတယ်။

(၇) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်များ ဖွဲ့စည်းတည်ရှိမှုကြောင့် နိုင်ငံတကာနှင့်ဒေသဆိုင်ရာ အသိုက်အဝန်းတွင် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားတိုးတက်လျှက်ရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်များမှာ အစစပြည့်စုံမှုမရှိဘဲ ရုန်းကန်ဆောင်ရွက်နေရခြင်း၊

ကျွန်တော်တို့တွေဟာ မပြည့်စုံဘူး၊ မပြည့်စုံဘူးနဲ့ ပြောနေရတဲ့အတွက်လည်းပဲ တကယ်တော့ မပြောချင်ပါဘူး။ မသင့်ပါဘူး။ သို့သော် ကျွန်တော်တို့တွေဟာ တစ်ဖက်မှာကျတော့ ဒီလွှတ်တော်ကိုယ်စားလှယ်တွေ ရှိနေလို့၊ လွှတ်တော်ကြီး ရှိနေလို့သာလျှင် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီးတော့မှ ယှဉ်ပြိုင်နိုင်တဲ့ အခြေအနေကိုလည်းပဲ အားလုံးသိပြီး ဖြစ်ပါတယ်။ ဒီ အချက်တွေကို အလေးအနက်ထားပြီးတော့မှ စဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

(ဆ) သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် မူလဥပဒေကြမ်း၏ ပုဒ်မ ၃၊ ပုဒ်မခွဲ(က) တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေတို့အရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းလွှတ်တော်နှစ်ရပ်သို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များသည် လစဉ်ချီးမြှင့်ငွေ ကျပ်သုံးသိန်း ခံစားခွင့်ရှိသည် ဟူသည့် ဖော်ပြချက်တွင် လစဉ် ချီးမြှင့်ငွေအား ခေတ်ကာလနှင့် လျော်ညီစေရန် ကျပ်သုံးသိန်းအစား ကျပ်ခြောက်သိန်းဟု လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းလွှတ်တော်သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များသည် လစဉ်ချီးမြှင့် ငွေကျပ်နှစ်သိန်း ခံစားခွင့်ရှိသည် ဟူသည့် ဖော်ပြချက်တွင်လည်း လစဉ်ချီးမြှင့်ငွေအား ခေတ်ကာလနှင့် လျော်ညီစေရန် ကျပ်နှစ်သိန်းအစား ကျပ်လေးသိန်း ဟု လည်းကောင်း၊ ပုဒ်မ ၃၊

ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)ပါ ဦးစီးအဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေ ကျပ်နှစ်သိန်း ခံစားခွင့်ရှိသည် ဟူသည့် ဖော်ပြချက်တွင် လစဉ်ချီးမြှင့်ငွေအား ကျပ်နှစ်သိန်း အစား ကျပ်လေးသိန်းဟု လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)၊ (၃)နှင့်(၄)တို့ပါ ဦးစီးအဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေ ကျပ်တစ်သိန်း ခံစားခွင့်ရှိသည်ဟူသည့် ဖော်ပြချက်တွင် လစဉ်ချီးမြှင့်ငွေအား ကျပ်တစ်သိန်း အစား ကျပ်နှစ်သိန်း ဟု လည်းကောင်း ပြင်ဆင်ပြီး ဤဥပဒေကြမ်းတွင် အပိုဒ် ၄ အဖြစ် ဖြည့်စွက် ဖော်ပြသင့်ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ဤပြင်ဆင်သည့် ဥပဒေကြမ်းတွင် မူလဥပဒေကြမ်း၏ ပုဒ်မ ၆ ၌ ဖော်ပြထားသည့် စကားရပ်များအစား ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်း မရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ်(၁၀၀၀၀)နှင့် အခြား အသုံးစရိတ် ကျပ်(၁၀၀၀၀) ခံစားခွင့်ရှိသည် ဆိုသည့်စကားရပ်ကို ပုဒ်မ ၆(က) အဖြစ် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များသည် တာဝန်အရ ခရီးသွားလာရခြင်းအတွက် နိုင်ငံတော်က အခမဲ့တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်း မရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ်(၁၀၀၀၀)နှင့် အခြားအသုံးစရိတ် ကျပ်(၅၀၀၀) ခံစားခွင့်ရှိသည်ဆိုသည့်စကားရပ်ကို ပုဒ်မ ၆(ခ) အဖြစ်လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များသည် နာမကျန်းခွင့်မှအပ အခြားကိစ္စရပ်များအတွက် ခွင့်ခံစားသည့် နေ့ရက်များတွင် တည်းခိုနေထိုင်စရိတ်နှင့် အခြားအသုံးစရိတ်များကို ခံစားခွင့် မရှိစေရ ဆိုသည့် စကားရပ်ကို ပုဒ်မ ၆(ဂ) အဖြစ် လည်းကောင်း အစားထိုးပြီး ဤဥပဒေကြမ်းတွင် အပိုဒ် ၅ အဖြစ် ဖြည့်စွက်ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၂:၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို နေ့လယ်စာသုံးဆောင်ဖို့ (၁)နာရီ ရပ်နားပါမယ်။

**အချိန်၊ ၁၂:၁၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၂:၁၈) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၃:၂၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃:၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များ နောင် ပထမ Bell တီးတဲ့အခါမှာ တစ်ခါတည်း နေရာယူပြီးဖြစ်ဖို့ လိုပါတယ်။ စည်းကမ်းအတိအကျ လိုက်နာပါ။

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) (ဥက္ကဋ္ဌ၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီ)က မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မြန်မာ့ သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း (ဥက္ကဋ္ဌ၊ သတ္တုနှင့် သယံဇာတရေးရာ ကော်မတီ) က အမျိုးသား လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၄။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)( ဥက္ကဋ္ဌ၊ သတ္တုနှင့် သယံဇာတရေးရာ ကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါတယ် ခင်ဗျား။ ကျွန်တော် ဦးနေဝင်းထွန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာမှ ရေးဆွဲတင်သွင်းတဲ့ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ကော်မတီရဲ့ ဥက္ကဋ္ဌအနေဖြင့် ကော်မတီကို ကိုယ်စားပြု၍ တင်သွင်းသွားခြင်းဖြစ်ပါကြောင်း ဦးစွာပြောကြားလိုပါတယ်ခင်ဗျား။

ကျွန်တော်တို့ ကော်မတီဖွဲ့စည်းပုံထဲမှာ သတ္တုလုပ်ငန်းရှင်ဖြစ်တဲ့ ကျွန်တော့်ကို ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တာဝန်ပေးခဲ့ပြီး သတ္တုနှင့် သယံဇာတရေးရာကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များ ကိုလည်း ရေးဆွဲထားရှိကာ တာဝန်များကို ထမ်းဆောင်လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူက ရွေးချယ် တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သည့်အားလျော်စွာ ပြည်သူများ ကောင်းကျိုး အတွက် မိမိတို့ ဘာတွေ ဆောင်ရွက်ပေးနိုင်မလဲ။ ဘယ်လို ဆောင်ရွက်ပေးနိုင်မလဲဆိုတာကို အမြဲတမ်း ကြံဆပြီး ကြိုးပမ်းဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော်မတီမှ လွှတ်တော်သို့ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် ယခု အဆို တင်သွင်းရခြင်းကို အနည်းငယ် တင်ပြလိုပါတယ်ခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အခွန်အကောက်ဆိုင်ရာ ရှင်းလင်းတင်ပြချက်ကို လွှတ်တော်မှာ တင်ပြတဲ့အပေါ် ကျွန်တော်တို့ ကော်မတီမှ လေ့လာခဲ့ကြပြီးတဲ့နောက် လက်ရှိ အခွန်စနစ်နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ကျောက်မျက်နဲ့ သတ္တုကဏ္ဍမှာ ပေးဆောင်နေရတဲ့ အခွန်အကောက်များနဲ့ ပတ်သက်လို့ ဆွေးနွေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ကျွန်တော်တို့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်မှာ စီးပွားရေးစနစ် ပြုပြင် ပြောင်းလဲခဲ့ပြီးဖြစ်လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်များ ပြဋ္ဌာန်းပြီးချိန်မှာ အခွန်စနစ်ကောင်းများနဲ့ မျှတပြီးပွင့်လင်းမြင်သာတဲ့ အခွန်နှုန်းထားများနဲ့ ပြည်သူ များကို အခွန်ထမ်းဆောင်လာစေဖို့ ဆွဲဆောင်စည်းရုံးနိုင်တဲ့ အခွန်နှုန်းထားများဖြစ်စေဖို့ လိုအပ်တဲ့

ပြုပြင်ပြောင်းလဲမှုတွေ လုပ်နိုင်ရေး ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ကော်မတီအနေနဲ့ သက်ဆိုင်တဲ့ ကျောက်မျက်ကဏ္ဍ၊ သတ္တုကဏ္ဍ အခွန်အကောက်များဆိုင်ရာ အဆို(၂)ရပ်ကို တင်သွင်းရန် ဆောင်ရွက် ခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီသည် ၂၀၁၃-၂၀၁၄ခုနှစ် နိုင်ငံတော်၏ အခွန်အကောက်ဆိုင်ရာ ရှင်းလင်းတင်ပြချက်ပါ မြန်မာနိုင်ငံ၏ အခွန်အကောက် ဖွဲ့စည်းပုံ၊ အခွန်စနစ်၊ အခွန်အကောက်နှုန်းထား၊ အခွန်အမျိုးအစားများအား နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ဥပဒေသစ်များ ပြဋ္ဌာန်း ပြီးချိန် သတ္တုနှင့် သယံဇာတများကဏ္ဍ ပြည်တွင်းလုပ်ငန်းရှင်တို့၏ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်မှုတွင် (၁) အစိုးရ၊ နိုင်ငံ ပြည်သူများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများတို့ မျှတစွာ အကျိုးခံစားခွင့်ရရှိရေး (၂) သတ္တုနှင့် သယံဇာတလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး (၃) ပြည်တွင်းလုပ်ငန်းရှင်များ သတ္တုနှင့် သယံဇာတလုပ်ငန်းကိုလုပ်ကိုင်မှု တိုးပွားလာရေးတို့အတွက် ပြင်ဆင်ပြောင်းလဲပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၁၁-၃-၂၀၁၃ နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ယင်းအဆိုကို အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီ ကိုယ်စား ကော်မတီ၏ အတွင်းရေးမှူးဖြစ်သူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ မှ တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်တွင် ယင်းအဆိုကို လက်ခံဆွေးနွေးရန် ကြေညာခဲ့ပြီးနောက် ဦးဟာရှိန်းဘွေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဦးခွန်မောင်သောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပင်လောင်းမြို့နယ် ဦးဉာဏ်ဆွေဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကျောက်ကြီးမဲဆန္ဒနယ် ဦးပိုးရယ်အောင်သိန်း၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဦးစောတော်ပလဲ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ဦးသိန်းလှိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ စစ်ကိုင်းတိုင်း မဲဆန္ဒနယ်အမှတ်(၈) ဦးသက်နိုင်ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဦးဇုန်လှယ်ထန်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ဦးမောင်စိန်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်(၉)ဦးတို့က ဆွေးနွေးလိုကြောင်း အမည်စာရင်း တင်သွင်းခဲ့ပါတယ်။

ထိုသို့ပြည်ထောင်စုလွှတ်တော်မှလက်ခံဆွေးနွေးရန် ကြေညာပြီး(၅)လခန့်အကြာဖြစ်သော ၈-၈-၂၀၁၃ နေ့တွင် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မှ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် အဆိုနှင့်ပတ်သက်ပြီး မိမိတို့၏ လွှတ်တော်များ၏ အဓိက တာဝန်သည် ဥပဒေပြုရေးဖြစ်ကြောင်း၊ ဥပဒေပြုရေးဆိုသည်မှာ ဥပဒေပြုရန်နှင့် ဥပဒေ ပြဋ္ဌာန်းရန် ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးတာဝန် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဥပဒေပြုနိုင်ရေးအတွက် စဉ်းစားလုပ်ဆောင်နိုင်မှသာ၊ ဥပဒေပြုနိုင်မှသာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်စေသော ဥပဒေပြုနိုင်မှသာ သို့တည်းမဟုတ် တရားမျှတသော ဥပဒေများ၊ အများလိုက်နာနိုင်သော ဥပဒေများပြုနိုင်မှသာ

မိမိတို့၏ တာဝန်ကျေပွန်ကြမည်ဖြစ်ကြောင်း၊ မည်သည့် ဥပဒေကိုမဆို ပြဋ္ဌာန်းရန် အမြင့်ဆုံးသော ပြည်ထောင်စုလွှတ်တော် ဥပဒေပြုရေးအဖွဲ့တွင် တာဝန်ရှိပါ ကြောင်း၊ မိမိတို့သည်ဘာလဲ၊ မိမိတို့သည် ဥပဒေပြုရေးအဖွဲ့၊ မိမိတို့၏တာဝန်သည်ဘာလဲ၊ ဥပဒေပြုရန် တာဝန်၊ မိမိတို့၏ လုပ်ပိုင်ခွင့်သည် ဥပဒေပြုရေးတာဝန်ကို စီရင်နိုင်ရန် လုပ်ပိုင်ခွင့်တာဝန်ကို ရရှိထားပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ကို တာဝန်ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တာဝန်ကျေချင်လျှင် လုပ်ပိုင်ခွင့်ကို မှန်မှန်ကန်ကန်နှင့် အသုံးပြုရန်၊ တာဝန်ခံရန်နှင့် တာဝန်ယူရန် လိုအပ်ကြောင်း၊ မှားခြင်း၊ မှန်ခြင်းအတွက် တာဝန်ခံရမည်ဖြစ်ကြောင်း၊ သို့ရာတွင် မမှားအောင်လုပ်ရန် လိုအပ်ပါကြောင်း၊ ၎င်းကို ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ အလေးအနက်ထား စဉ်းစားရန်လိုအပ်ပါကြောင်း၊ မိမိတို့သည် နိုင်ငံနှင့် နိုင်ငံသားများအတွက် အကျိုးစီးပွားကို ကာကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းရန် တာဝန်ဖြစ်ကြောင်း၊ ထိုတာဝန်များကို မိမိတို့ လက်ထက်တွင် ကျေပွန်အောင် လုပ်ရန်လိုအပ်ပါကြောင်းဖြင့် သုံးသပ် လမ်းညွှန်ခဲ့ပါသည်။ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာ ကော်မတီအနေဖြင့် ပြည်ထောင်စုလွှတ်တော် နာယကကြီး၏ သုံးသပ် လမ်းညွှန်ချက်အပေါ် ကျေးဇူးတင်ရှိစွာဖြင့် ၁၅-၈-၂၀၁၃ နေ့တွင် အဆိုကို ပြန်လည်ရုပ်သိမ်းခဲ့ ပါသည်။

အဆိုပါနာယကကြီး၏ သုံးသပ်လမ်းညွှန်ချက်အရ ကျွန်တော်တို့ သတ္တုနှင့် သယံဇာတ ရေးရာကော်မတီ ကဲ့သို့ပင် တင်သွင်းထားသော အဆိုများအား အဆိုရှင်များဖြစ်ကြသော သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်၊ ဦးဝင်းသန်း၊ သာပေါင်း မဲဆန္ဒနယ်၊ ဦးမောင်တိုး၊ မင်းလှမဲဆန္ဒနယ်၊ ဦးဝင်းမြင့်၊ အတွင်းရေးမှူး၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ ပြည်သူ့လွှတ်တော်၊ ဦးလွန်းသီ၊ ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ လွှတ်တော်၊ ဦးမျိုးဆွေ၊ အတွင်းရေးမှူး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၊ ပြည်သူ့လွှတ်တော်၊ ဦးရဲထွန်း၊ အဖွဲ့ဝင်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော်၊ ဦးတင်မောင်ဦး၊ အတွင်းရေးမှူး၊ ပြည်သူ့ရေးရာကော်မတီ၊ ပြည်သူ့လွှတ်တော်တို့က ၁၅-၈-၂၀၁၃ နေ့တွင်ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ အသီးသီးရုပ်သိမ်းခဲ့ကြပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသား ပြည်သူတို့၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန် တစ်စိုက်မတ်မတ် ကြိုးစား ဆောင်ရွက်လျက်ရှိသည်နှင့်အညီ တည်ဆဲဥပဒေဖြစ်သော ၁၉၉၄ ခုနှစ် မြန်မာ့သတ္တုတွင်း ဥပဒေသည် ခေတ်စနစ်နှင့် လျော်ညီမှုမရှိတော့ခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ အကျိုးစီးပွား လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ထိန်းချုပ်ကန့်သတ်မှုများကို ဖြေလျော့ရန် လိုအပ်နေသည်ဟု သုံးသပ်မိခြင်း၊ လုပ်ငန်းလုပ်ကိုင်မည့် ပြည်သူများနှင့် အစိုးရတို့ စီးပွားရေးယန္တရား အချိတ်အဆက် မိမိရရ လည်ပတ်နိုင်ခြင်း၊ သတ္တုကဏ္ဍမှ GDP တိုးတက်စေလိုခြင်း၊ ဓာတ်သတ္တုထုတ်လုပ်သလောက် နိုင်ငံတော်ဘက်တွင် ဓာတ်သတ္တုခွန်နှင့် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများ ပြည့်ပြည့်ဝဝ ရရှိလာစေလိုခြင်း၊ SME ခေါ် အသေးစား၊ အလတ်စား စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံသားပြည်သူများ

သတ္တုကဏ္ဍာ စီးပွားရေးလုပ်ငန်းသို့ ချောမွေ့လွယ်ကူစွာ ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိစေလိုခြင်းတို့ကြောင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ သုံးသပ်လမ်းညွှန်မှုနှင့် စေတနာ ရည်ရွယ်ချက်တို့ကို နားလည်ခံယူ၍လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၏ တန်ဖိုးကြီးမားသော အချိန်တို့ကို အကျိုးရှိရှိ ထိထိရောက်ရောက် ဖြစ်စေလို၍လည်းကောင်း၊ ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေး လျင်မြန်စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် ကော်မတီအနေဖြင့် ဥပဒေပြုနိုင်ပါက ဥပဒေပြုရန် လမ်းညွှန်ခဲ့မှုအပေါ်တွင် ယနေ့ တင်သွင်းသည့် မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ကျွန်တော်တို့ရဲ့ ကော်မတီမှ ပြုစုရေးဆွဲခဲ့ပါသည်။

အဆိုများတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ တာဝန်ရှိသူများက လာရောက်ရှင်းလင်းတင်ပြရခြင်း၊ သဘောကွဲလွဲမှုများအတွက် အပြိုင်အဆိုင် ဆွေးနွေးကြခြင်းတို့အစား မိမိတို့မှ ပြည်သူတို့အကျိုး စီးပွားအတွက် တကယ်ဖြစ်စေချင်သောဆန္ဒအရ ဥပဒေတွင် ပြင်ဆင်လိုသည်များကို ပြင်ဆင်ချက် ဥပဒေကြမ်းများအဖြစ် တင်ပြကာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ သက်ဆိုင်ရာတို့က ဝေဖန်ပိုင်းခြား ဆွေးနွေးဆုံးဖြတ်ပေးခြင်းဖြင့် ပိုမိုလျင်မြန်စွာ ရည်ရွယ်ချက် ပေါက်မြောက်၍ ပြည်သူကို ကာကွယ် စောင့်ရှောက်သော၊ နိုင်ငံတော်ကို အကျိုးကျေးဇူးပြုသော၊ ခေတ်စနစ်၏ တောင်းဆိုချက်နှင့် လိုက်လျော ညီထွေဖြစ်သော သတ္တုလုပ်ငန်းလုပ်ကိုင်နိုင်ခြင်း မရှိသေးသည့် ပြည်သူများ လုပ်ငန်းရှင် ဖြစ်ပေါ်လာပြီး လွယ်ကူရှင်းလင်းစွာဖြင့် အမှီသဟဲပြုနိုင်သော ဥပဒေများ ပေါ်ထွန်းလာမည် ဖြစ်သည် ဟု ကျွန်တော်တို့ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာ ကော်မတီက ယုံကြည်ပါတယ်။

သို့ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ၏ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက် ရေးဆွဲထားပါသော အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာ ကော်မတီ၏ မြန်မာ့သတ္တုတွင်း ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးပေးနိုင်ပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

လေးစားစွာဖြင့် အမျိုးသားလွှတ်တော်၊ သတ္တုနှင့်သယံဇာတရေးရာ ကော်မတီ။

ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၃၃။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာ ကော်မတီမှ တင်သွင်းတဲ့ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားနိုင်ပါရန် အဆို၊ ဒီအဆိုဟာ ဆိုလို့ရှိရင် ဆွေးနွေးရန် သင့်လျော်ပါတယ်။ နိုင်ငံတော်အကျိုးအတွက်သာမက သတ္တုလုပ်ငန်း လုပ်ဆောင်တဲ့

လက်လုပ်လက်စား လူတန်းစားပြည်သူအကျိုးအတွက် ပြုပြင်ရန် လိုအပ်ချက်များ၊ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပါ၍ လက်ခံဆွေးနွေးရန်သင့်ပါသောကြောင့် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ။** ။ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးနေဝင်းထွန်း တင်သွင်းတဲ့ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၁၁-၂၀၁၃ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ် လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ်သလို ဖွဲ့စည်း၍ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့်လက်ခံ ဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ် လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံ နိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာကော်မရှင် သို့မဟုတ် ကော်မတီ တစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေးသည့်အတွက် လိုအပ် သလို ဖွဲ့စည်း၍ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးခင်မောင်ရီ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၆။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအားအမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော်လေးစားစွာ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော် ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)အနေနဲ့ ဥက္ကဋ္ဌကြီး အမိန့်ရှိသွားတဲ့အတိုင်းပဲ ကျွန်တော် ဒီအဆိုလေးကို တင်ခွင့်ရရှိပါတယ်။ ဒီအဆိုကို မတင်ခင်ကလည်း ကျွန်တော်တို့ အထပ်ထပ်စိစစ်ကြပါတယ်။ ဒီလိုစိစစ်တဲ့နေရာမှာ နိုင်ငံတော်အတွက် တကယ်လိုအပ်တဲ့ အဆို ဟုတ်/မဟုတ်၊ အကျိုးဖြစ်ထွန်းနိုင်ခြင်း ရှိ/မရှိ၊ လုပ်သင့်ပြီး လုပ်နိုင်တဲ့ အဆို ဖြစ်/မဖြစ် ဆိုတာကို ကျွန်တော်တို့ ဆွေးနွေးပြီးမှ ဒါကို ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီတင်တဲ့ အဆိုထဲမှာတောင်မှ လက်ရှိ လူငယ်နဲ့ ပတ်သက်လို့ လုပ်နေတာမရှိဘူး ဆိုတဲ့သဘောထား စကားမျိုး တစ်လုံးမှမပါဘဲနဲ့ အာဆီယံတို့၊ နိုင်ငံတကာတို့ အဆင့်မှာ လုပ်နေတာနဲ့ လုပ်နေသလို ကျွန်တော်တို့မှာ မလုပ်နိုင်သေးဘူး။ ဒါကြောင့်မို့လို့ ယခုထက်ပိုပြီးတော့ ထိရောက်စွာလုပ်နိုင်ဖို့ အတွက် လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ဖို့အတွက် လိုနေတဲ့အချက်ကို ကျွန်တော် ထောက်ပြပြီး အကြံပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ လွတ်လွတ်လပ်လပ် လုပ်နိုင်အောင် ဆိုပြီးတော့ ပြည်ထောင်စုအဆင့် ကော်မရှင် သိုမဟုတ် ကော်မတီ သို့မဟုတ် ဝန်ကြီးဌာန လို့ အဆင့်ပေးရခြင်း ဖြစ်ပါတယ်။ တစ်ခုတည်းကိုသာ ကျွန်တော် အမည်တပ်ပြီးတော့

အကြံပြုလိုက်မယ်ဆိုရင် အဲဒီတစ်ခုက လုပ်ချင်မှ လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဝန်ကြီးဌာနဖွဲ့ဖို့ ကော်မတီ၊ ကော်မရှင် ဖွဲ့လို့ရအောင်ဆိုပြီးတော့ ကျွန်တော် အရှင် ဆွေးနွေးခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုမှာ ပါသလိုပါပဲ။ အာဆီယံကတော့ လူငယ်နဲ့ ပတ်သက်ရင် သူက သဘောထားတစ်ခု ရှိပါတယ်။ ကျွန်တော်က ဥက္ကဋ္ဌကြီးရဲ့ ယုံကြည်စွာ တာဝန် ပေးချက်အရ အာဆီယံပါလီမန် AIPA အစည်းအဝေးတွေကို တက်ရတဲ့အခါမှာ အမြဲတမ်း ကျွန်တော်က လူမှု ယဥ်ကျေးကော်မတီမှာပဲ ထိုင်လေ့ရှိပါတယ်။ ထိုင်တဲ့အခါမှာလည်း လူငယ်နဲ့ ပတ်သက်တဲ့ ခေါင်းစဥ်တွေဟာ အာဆီယံရဲ့အဓိက ဖြစ်ပါတယ်။ အာဆီယံရဲ့ သဘောထားကတော့ လူငယ်သည် အာဆီယံဒေသ၏ ပိုင်ဆိုင်တဲ့ပစ္စည်းထဲမှာ တန်ဖိုးအကြီးဆုံး Asset တစ်ခုလို့ သူ သတ်မှတ်ထားပါတယ်။ ဒါကြောင့် ဒီနှစ်တင်တဲ့ အဓိက Theme ခေါင်းစဥ်ဟာဆိုလို့ရှိရင် Nurturing and Enhancing the Role of Young People to meet the Future Challenges of ASEAN, ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ်စကား အသုံးအနှုန်းလေး ခွင့်ပြုပေးပါရန် ပန်ကြားအပ်ပါတယ်။ အာဆီယံ ဒေသရဲ့ အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် လူငယ်များ၏ အခန်းကဏ္ဍကို ပြုစု ပျိုးထောင် မြှင့်တင်ပေးရေးဆိုတဲ့ ခေါင်းစဥ်ဖြစ်ပါတယ်။ ထိုင်းနဲ့ အင်ဒိုနီးရှားက သီးခြားတင်တဲ့ ခေါင်းစဥ်ကတော့ Co-operation towards Child-abused-free ASEAN ဆိုပြီးတော့ ကလေး သူငယ်များ အလွဲသုံးစားမှုမှ ကင်းစင်တဲ့ အာဆီယံဖြစ်ရေး ဆိုတဲ့ ခေါင်းစဥ်တင်ပါတယ်။ ကျွန်တော်တို့ ဒါတွေ ဝင်ရောက်ဆွေးနွေးခဲ့ရတာ ဖြစ်ပါတယ်။

ကျွန်တော့်အဆိုမှာ ပါရှိခဲ့သလိုပဲ အာဆီယံနိုင်ငံများနဲ့ အာရှနိုင်ငံတွေမှာ လူငယ်ဆိုင်ရာ လုပ်ငန်းတွေနဲ့ပတ်သက်လို့ ပြည်ထောင်စုအဆင့်၊ သူတို့တွေရဲ့ နိုင်ငံတော်အဆင့်မှာ ဘယ်လို တာဝန်တွေ ယူထားတာရှိသလဲ ဆိုတာလေးကို ကျွန်တော် တင်ပြလိုပါတယ်။ အာဆီယံမှာတော့ လူငယ်ဆိုတဲ့အသက်ကို အချို့နိုင်ငံတွေက (၁၈)နှစ်မှ (၃၀)နှစ်ကြားလို့ သတ်မှတ်သလို အချို့လည်းပဲ (၁၆)နှစ်နဲ့ (၂၅)နှစ်ကြား ဆိုတာ သတ်မှတ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ အသက်အရွယ်အားဖြင့် mature ဖြစ်စပြုပြီးတော့ လုပ်ငန်းခွင်ဝင်ရန် ကျန်းမာရေးရော ကြံ့ခိုင်မှုရော အတတ်ပညာရော ပြည့်စုံပြီးတော့ တတ်ကြွတဲ့အရွယ်လို့ သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံးတစ်နိုင်ငံ၊ အက္ခရာစဥ်အရဆိုရင် ဘရူနိုင်းဒါရူဆလာမ်နိုင်ငံ ဖြစ်ပါတယ်။ ဘရူနိုင်းဒါရူဆလာမ်နိုင်ငံဟာ လူဦးရေ ၄ သိန်းကျော်ပဲ ရှိတဲ့ နိုင်ငံလေးဖြစ်ပါတယ်။ ဒါပေမဲ့ ဒေသထဲမှာ သူဟာ ရေနံသိုက်ရှိတဲ့အတွက်ကြောင့် Per Capital Income တစ်ဦးချင်း ဝင်ငွေနဲ့ GDP အမြင့်ဆုံးနိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံတော်ချမ်းသာတဲ့အလျောက် နိုင်ငံတော်က လူငယ် တို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း အားလုံးကို အစစတာဝန်ယူနိုင်ပါတယ်။ ဆိုလိုတာက လူငယ်ပြဿနာမရှိပါဘူး။ မူးယစ်ဆေးဝါးတို့ နောက်ပြီးတော့ အရက်တို့၊ လိင်မှုကိစ္စတွေ တောင်မှပဲ သူဟာ (ဆူလ်တန်) အုပ်ချုပ်တဲ့နိုင်ငံဖြစ်ပြီးတော့ ဘာသာရေးနဲ့ ဓမ္မစက်၊ ဓမ္မစက်ဆိုတာ သူတို့ဘာသာတရားရဲ့ ဓမ္မစက်နဲ့ တွဲပြီးအုပ်ချုပ်တာဖြစ်တဲ့ အတွက်ကြောင့် တင်းတင်းကြပ်ကြပ် ထိန်းချုပ်တဲ့အတွက်ကြောင့် လူငယ်ဆိုင်ရာ ပြဿနာမရှိပါဘူး။ ဒါတောင်မှပဲ နိုင်ငံတော်အဆင့်မှာ ပညာရေးဝန်ကြီးဌာနနဲ့ တွက်ဖက်ပြီးတော့ လူငယ်ရေးရာကို တာဝန်ယူတဲ့ဌာန ရှိပါတယ်။

ဒုတိယနိုင်ငံက ကမ္ဘောဒီးယားနိုင်ငံ ဖြစ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံဟာ Ministry of Youth and Education ဆိုပြီးတော့ ပညာရေးနဲ့ လူငယ်ရေးရာဝန်ကြီးဌာန တွဲဖက်ဖွင့်ထားတာ ရှိပါတယ်။ အဲဒါ ၂၀၀၀ခုနှစ်က စပြီးတော့ အဲဒီလောက်က စပြီးလှုပ်ရှားတာ ဖြစ်ပါတယ်။ အဲဒီအချိန်လောက် ကတည်းကစပြီး လူငယ်လှုပ်ရှားမှုတွေမှာ သူတို့ဟာ နိုင်ငံတကာ အချိတ်အဆက်တွေရပြီး လူငယ်လှုပ်ရှားမှုလေးတွေ ထက်ထက်မြက်မြက် ဖြစ်လာတယ်ဆိုတာ တိုးတက်မှုကို တွေ့ရပါတယ်။

နောက် တစ်နိုင်ငံက အင်ဒိုနီးရှား ဖြစ်ပါတယ်။ အင်ဒိုနီးရှားဟာ အာဆီယံဒေသမှာ လူဦးရေအများဆုံး၊ သန်း(၂၅၀)နီးပါးရှိတဲ့ နိုင်ငံကြီး ဖြစ်ပါတယ်။ Ministry of Youth and Sports ဆိုပြီးတော့ သူတို့ ဖွဲ့စည်းထားတာ ရှိပါတယ်။ ထူးထူးခြားခြား ပညာရေးဝန်ကြီးဌာန အောက်မှာပါ။ Department of Out-of-School Education ဆိုပြီးတော့ ကျောင်းပြင်ပပညာရေးဆိုင်ရာဌာန ဆိုပြီးတော့ ဦးစီးဌာနကြီး သပ်သပ်ရှိပါတယ်။ ဆိုလိုတာ ကျောင်းမတက်နိုင်တဲ့ ကျောင်းပြင်ပရောက် လူငယ်များအတွက် ပညာဘက်ပိုင်းဆိုင်ရာ လေ့ကျင့်ပျိုးထောင်နိုင်တဲ့ ဦးစီးဌာနလည်း ရှိပါတယ်။ ဆိုလိုတာကတော့ လူငယ်တွေနဲ့ ပတ်သက်ပြီးတော့ ထောင့်စုံဘက်စုံက သူတို့ တာဝန်ယူနေတယ် ဆိုတာကို ကျွန်တော် တင်ပြရခြင်း ဖြစ်ပါတယ်။

နောက်တစ်နိုင်ငံက လာအိုနိုင်ငံ ဖြစ်ပါတယ်။ လာအိုက ပြည်သူ့သမ္မတနိုင်ငံ ဖြစ်ပါတယ်။ သူ့မှာ Ministry of Youth ဆိုပြီး သီးခြားရှိပါတယ်။ ဝန်ကြီးဌာန သပ်သပ်ရှိပါတယ်။ အဲဒီအပြင် သူက တစ်ပါတီစနစ် ဖြစ်တဲ့အတွက်ကြောင့် ပါတီဦးဆောင်မှုနဲ့ ဖွဲ့ထားတဲ့ Laos Revolutoinary Youth League ဆိုပြီးတော့လည်း လူငယ်အဖွဲ့အစည်းချုပ်ကြီး တစ်ခုရှိပါတယ်။ အဲဒီသမဂ္ဂကတော့ ဗဟိုအဆင့် ကိုင်ထားတာဖြစ်ပြီး လူငယ်များရဲ့ ဖွံ့ဖြိုးတိုးတက်မှု တစ်နည်းအားဖြင့်တော့ Ideology ပိုင်းကို ပြုစုပျိုးထောင်ပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၀ ခုနှစ်နောက်ပိုင်းမှာ အဲဒီလူငယ်တွေရဲ့ အရည်အသွေး ဟာ သိသိသာသာ တိုးတက်လာပါတယ်။ လာအို Delegation မှာ ပါလာတဲ့ လူငယ်တွေဆိုလို့ရှိရင် အဲဒီက လေ့ကျင့်ပေးတဲ့လူငယ်တွေဟာ ဒီနေ့ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့၊ လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ကိုယ်ရေးအရာရှိတို့ ဆိုတာ ထက်ထက်မြက်မြက် လုပ်နိုင်တဲ့ကလေးတွေ ဖြစ်ကြောင်း သွားတွေ့ပါတယ်။

နောက် မလေးရှားနိုင်ငံ ဖြစ်ပါတယ်။ သူလည်း ပညာရေးနဲ့ တွဲဖက်ပြီးကိုင်ထားတဲ့ ဝန်ကြီးဌာန ရှိပါတယ်။ ပညာရေးစနစ်က မြင့်ပါတယ်။ ICT သိသာစွာ ရှေ့တန်းရောက်တဲ့ နိုင်ငံ ဖြစ်ပါတယ်။ လူငယ်ဆိုင်ရာ ပြဿနာ မရှိဘူး။ အားရဖွယ်ရာ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ နောက် ဖိလစ်ပိုင်နိုင်ငံ ဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံကတော့ ပိုပြီးထူးခြားပါတယ်။ သမ္မတရဲ့ အိမ်တော်မှာ ရုံးစိုက်ထားတဲ့ Presidential youth Commission ဆိုပြီးတော့ နိုင်ငံတော်သမ္မတရဲ့ လူငယ်ဆိုင်ရာ ကော်မရှင်ဆိုပြီး သီးသန့်ရှိပါတယ်။ သမ္မတက ဂုဏ်ထူးဆောင်နာယက ဖြစ်ပါတယ်။ သူက ဝန်ကြီးအဆင့် တစ်ပါးက အုပ်ချုပ်ပြီးတော့ သမ္မတအိမ်တော်မှာပဲ ရုံးစိုက်ပါတယ်။ ဒါကြောင့် သူတို့ဟာ လူငယ်ရေးရာကိစ္စကို သမ္မတအဆင့်က ဦးစီးလုပ်တယ်ဆိုတာလေး နိုင်ငံတော်အဆင့်က ဦးစီးလုပ်တယ် ဆိုတာလေးကို တင်ပြလိုခြင်း ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံ ဖြစ်ပါတယ်။ သူလည်းပဲ Youth and Education လူငယ်နဲ့ ပညာရေး တွဲကိုင် ပါတယ်။ နိုင်ငံကလည်း နိုင်ငံလေး ဖြစ်ပါတယ်။ လူဦးရေကလည်း နည်းပါးပါတယ်။ (၉၉.၉၉) ရာခိုင်နှုန်း စာတတ်မြောက်မှုနှုန်း ရှိပါတယ်။ Literacy မြင့်ပါတယ်။ လေ့ကျင့်ပျိုးထောင်မှု အားကောင်းတယ်။ စည်းကမ်းတင်းကြပ်စွာ ထိန်းချုပ်တဲ့အတွက်ကြောင့် လူငယ်အသက်အရွယ်မှာ လူငယ်ဆိုင်ရာ ပြဿနာ၊ လမ်းလွဲရောက်တဲ့ပြဿနာ မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ သတ်မှတ်ထားတဲ့ လူငယ် ဆိုတဲ့ အသက်အရွယ်ပိုင်းထဲမှာ တာဝန်ကြီးကြီး ရယူထားတာတွေ ရှိပါတယ်။ ဒီနှစ် တွေ့ခဲ့တဲ့ စင်ကာပူ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့မှာဆိုရင် Miss Tin ဆိုရင် (၂၈)နှစ်၊ နောက်ထပ် အမျိုးသား တစ်ယောက်ဆိုရင် အသက်(၃၀) မပြည့်သေးတာ သွားတွေ့ပါတယ်။ ဒါ သူတို့ လေ့ကျင့် ပျိုးထောင်မှုရဲ့ ရလဒ်တွေ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာတော့ ဝန်ကြီးချုပ်ရုံးအောက်မှာ National Youth Bureau ရှိပါတယ်။ သူဟာလည်း ဒါ ဝန်ကြီးချုပ်ရုံးဝန်ကြီးက တာဝန်ခံဖြစ်ပါတယ်။ ဆိုလိုတာက နိုင်ငံတော်က ကိုင်တာ ဖြစ်ပါတယ်။ ပညာရေးနဲ့ အသက်မွေးဝမ်းကျောင်းပညာ လေ့ကျင့်ပေးမှု အားကောင်း ပါတယ်။ သူတို့ကတော့ International Youth Exchange တွေရှိတဲ့အတွက်ကြောင့် နိုင်ငံတကာနဲ့ ချိတ်ဆက်မှုနဲ့ ပညာသင်ယူခွင့်တွေ အများကြီး အားသာတာ တွေ့ရပါတယ်။

ဗီယက်နမ်နိုင်ငံ ဖြစ်ပါတယ်။ သူကလည်း ဟိုတုန်းက ၁၉၉၇ ခုနှစ်တုန်းကတော့ သူဟာ Youth and Sports လို့ တွဲကိုင်ပေမယ့် အခုကတော့ Ministry of Youth သီးသန့်ဖြစ်ပါတယ်။ အဲဒီ ဝန်ကြီးနဲ့လည်း ကျွန်တော်တို့ ညှိခဲ့တာရှိပါတယ်။ သူဟာ သီးခြားရှိပြီးတော့ ဒီအပြင် ဝန်ကြီးဌာနရှိတဲ့ အပြင် လာအိုလိုပဲ သူလည်းပဲ တစ်ပါတီနိုင်ငံ ဖြစ်တဲ့အတွက်ကြောင့် Ho Chi Minh Youth Union ဆိုပြီးတော့ Youth Union ဆိုပြီးတော့ သီးခြားသမဂ္ဂတွေ ရှိပါတယ်။ ဒီသမဂ္ဂကြီးက နိုင်ငံတကာ လူငယ် လှုပ်ရှားမှုတွေကို တာဝန်ခံကိုင်ဆောင်တာ ဖြစ်ပါတယ်။ သူလည်းပဲ Ideology ကို လေ့ကျင့်ပေးတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

နောက်ကျွန်တော်တို့ အာဆီယံနိုင်ငံပြီးတော့ ကျွန်တော်တို့ရဲ့ ဆွေးနွေးဖက်နိုင်ငံ ဖြစ်တဲ့ အဓိက (၂)နိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖြစ်ပါတယ်။ သူ့မှာလည်း ဝန်ကြီးဌာနရှိပါတယ်။ Ministry of Youth ရှိပါတယ်။ အဲဒီအပြင် ဟိုတုန်းက ဗီယက်နမ်တို့၊ လာအိုတို့လိုပဲ All China Youth Federation လို့ခေါ်တဲ့ ACYF အဖွဲ့ကြီး ရှိပါတယ်။ ဒီအဖွဲ့အစည်းဟာ နိုင်ငံတော်ရဲ့ ဦးဆောင်အဖွဲ့ ဖြစ်ပြီးတော့ နိုင်ငံတော်ဘတ်ဂျက်နဲ့ လူငယ်တွေကို လေ့ကျင့်ပေးတာဖြစ်တဲ့ အတွက်ကြောင့် ခေါင်းဆောင်မျိုးဆက် မပြတ်အောင် နိုင်ငံရေးပိုင်းဆိုင်ရာ လေ့ကျင့်တာလည်း ပါပါတယ်။ တိန့်ရှောင်ဖိန်း ရဲ့ နောက်ပိုင်းမှာ တက်လာတဲ့ ခေါင်းဆောင် တော်တော်များများဟာ ဒီ အဖွဲ့ lead က ထွက်တာ ဖြစ်ပါတယ်။ လက်ရှိသမ္မတကြီး ရှီကျင်ဖျင် နဲ့ ဝန်ကြီးချုပ် လီကာချန်း ဟာ ဒီအဖွဲ့က လေ့ကျင့်ပေးတဲ့လူငယ်များ ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေကတော့ နိုင်ငံတကာလူငယ်တွေနဲ့ ပတ်သက်ပြီးတော့ GMS YCC လို့ခေါ်တဲ့ Greater Mekong Sub-Region Youth Co-operation Council ဆိုတာကြီး ဖွဲ့ထားပါတယ်။ ဒါမဲခေါင်ဒေသခွဲ (၆)နိုင်ငံအတွင်းမှာ လူငယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

Council ကြီး ရှိပါတယ်။ ဒီကနေပြီးတော့ နိုင်ငံတကာအဆင့် လူငယ်များကို လေ့ကျင့်ပေးနိုင်ပါတယ်။ ကျွန်တော်လည်း အစည်းအဝေးတစ်ကြိမ်တော့ တက်ဖူးပါတယ်။

နောက် ဂျပန်နိုင်ငံ ဖြစ်ပါတယ်။ ဟိုတုန်းကတော့ ဝန်ကြီးချုပ်ရုံးအောက်မှာ MCA လို့ ခေါ်တဲ့ Management and Co-operation Agency ဆိုတာကြီး ရှိပါတယ်။ အခု အဲဒါကို နာမည်ပြောင်းပြီးတော့ Cabinet Committee ဆိုပြီးတော့ သူ ဒါကြီးကို ဖွဲ့ပါတယ်။ ဒါလည်း အစိုးရ အဖွဲ့ရုံးအောက်မှာပဲ ရှိတာပါ။ အဲဒီ Agency ရဲ့ အကြီးအကဲဟာ ဒါရိုက်တာ လို့ခေါ်ပေမယ့် ဝန်ကြီး အဆင့် ဖြစ်ပါတယ်။ Cabinet Member ဖြစ်ပါတယ်။ သူဟာ နိုင်ငံတကာအဆင့်မှာ လူငယ်တွေကို လေ့ကျင့်ပေးတဲ့ဌာန အဖွဲ့အစည်း ဖြစ်ပါတယ်။ ဒီ ဂျပန်ဟာ သင်္ဘောခရီးစဉ် နှစ်ခု ကိုင်ထားပါတယ်။ အရင်တုန်းကတော့။ ဒီ SSEA YP လို့ခေါ်တဲ့ Ship of South East Asia Youth Program ဆိုတာနဲ့ SWYP လို့ ခေါ်တဲ့ Ship for World Youth Program ဆိုတဲ့ သင်္ဘောခရီးစဉ် နှစ်ခု ရှိပါတယ်။ ပထမခရီးစဉ်ကတော့ အာဆီယံ(၅)နိုင်ငံ စပေါ်လာကတည်းက (၅)နိုင်ငံအစိုးရနဲ့ ဂျပန်အစိုးရနဲ့ စာချုပ်ချုပ်ပြီးတော့ ဒီ Muti-lateral စာချုပ်ချုပ်ပြီးတော့ လူငယ်များကို အာဆီယံ ဒေသအတွင်းမှာ သင်္ဘောကြီးနဲ့ လှည့်လည်ပြီးတော့ သင်္ဘောအတွေ့အကြုံ၊ ဟိုတယ် အတွေ့အကြုံ၊ လေ့လာရေး အတွေ့အကြုံ၊ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံတွေ လေ့ကျင့်ပေးတဲ့ ခရီးစဉ် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံလည်း ဒီခရီးစဉ်တွေမှာ လိုက်ပါခဲ့ဖူးပါတယ်။

အဲဒီတော့ ဒီခရီးစဉ်တွေကို ပြန်ကြည့်လို့ရှိရင် ကျွန်တော်တို့ ဟိုတုန်းကတော့ ၂၀၁၀ ခုနှစ် ရှေ့ပိုင်းဟာ တပ်မတော်အစိုးရလက်ထက်မှာတော့ လူငယ်ရေးရာဝန်ကြီးဌာနက မရှိဘူး။ မရှိတဲ့အခါ ကျတော့ အစိုးရကဖွဲ့စည်းပေးတဲ့ ဝန်ကြီးဌာနပေါင်းစုံကော်မတီတစ်ခုနဲ့ ခရီးစဉ်တွေကို စီစဉ်တာ ဖြစ်ပါတယ်။ အဓိကကတော့၊ တာဝန်ယူနေတာကတော့ ဟိုတုန်းက အသင်းဘဝနဲ့ နေခဲ့တဲ့ ပြည်ခိုင်ဖြိုး အသင်းက တာဝန်ယူခဲ့တာ ဖြစ်ပါတယ်။ အဲဒီတုန်းက ပထမခရီးစဉ်၊ ၁၉၉၇ ခုနှစ်တုန်းမှာ အာဆီယံ ဝင်ပြီးတဲ့နောက် ၁၉၉၈ ခုနှစ်၊ ပထမခရီးစဉ်မှာ လူငယ်အဖွဲ့ရဲ့ ခေါင်းဆောင်ဟာ မကြာခင်က ကွယ်လွန်သွားတဲ့ ဦးအေးမြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ ဒုတိယခရီးစဉ်ရဲ့ ခေါင်းဆောင်ဟာ ကွယ်လွန်သွားပြီး ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရှိနေပါသေးတယ်။ တတိယ ခရီးစဉ်က ခေါင်းဆောင် ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အဲဒီအချိန်တုန်းက လာအိုရယ်၊ မြန်မာရယ်၊ ကမ္ဘောဒီးယားရယ် ဟာ Home Stay စီစဉ်ပေးနိုင်ခဲ့ခြင်း မရှိပါ။ အဲဒီခရီးစဉ်မှာ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေကတော့ ဂျပန် အိမ်ရှေ့မင်းသမီး မီချိကို ပါပါတယ်။ သူက ဒါကြောင့်မို့လို့ ဂျပန်မှာ အဲဒီခရီးစဉ် ရှိတိုင်း၊ ရှိတိုင်း ဘုရင့်နန်းတော်မှာ လူငယ်တွေကို ညှော်ခံကျွေးမွေးလေ့ရှိပါတယ်။ ကျွန်တော် တစ်ကြိမ် တက်ဖူး ပါတယ်။ ထိုင်းတို့၊ ဂျပန်တို့၊ အင်ဒိုနီးရှားတို့၊ စင်ကာပူတို့မှာ ဆိုရင်တော့ ဒီခရီးစဉ်က လေ့ကျင့်တဲ့ လူငယ်တွေဟာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်၊ နောက်ပြီးတော့ ပြည်နယ် အုပ်ချုပ်ရေးမှူး စတဲ့ ရာထူးကြီးကြီးတွေမှာလည်း ရထားတာ ကျွန်တော်တို့ သွားတွေ့ရတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အဲဒီလို GMS, YCC နဲ့ SSEAYP လို့ ခေါ်တဲ့ ခရီးစဉ်တွေမှာ တက်တက်ကြွကြွ ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပေမယ့် အဲဒီတုန်းကလည်း Youth Affairs လို့ ခေါ်တဲ့ လူငယ် ရေးရာဌာန မရှိတဲ့အတွက်ကြောင့် နောက်ပိုင်းမှာ ကျွန်တော်တို့နဲ့ အဆက်အသွယ် ပြတ်သွားပြီးတော့

ယဉ်ကျေးမှုဝန်ကြီးဌာနက ဒီ လူငယ်ခရီးစဉ်တွေကို ဆက်ပြီး တာဝန်ယူထားတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အခု ASEAN Chair ဖြစ်နေပါပြီ။ အာဆီယံဥက္ကဋ္ဌတာဝန် လွှဲပြောင်းယူပြီး ဖြစ်ပါတယ်။ အာဆီယံဒေသထဲမှာရှိတဲ့ ကျန်တဲ့နိုင်ငံတွေမှာ ရှိတဲ့အဖွဲ့အစည်းမျိုး မြန်မာနိုင်ငံမှာ မရှိသေးဘူး။ လူငယ်နဲ့ ပတ်သက်လို့ ပြည်ထောင်စုအဆင့်မှာ ကွပ်ကဲညှိနှိုင်းပေးမယ့် အဖွဲ့အစည်း လိုတယ်ဆိုတဲ့ အချက်ကလေးကို ကျွန်တော် မီးမောင်းထိုးပြခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံလူငယ်တွေရဲ့ အခြေအနေကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံ လူဦးရေသန်း(၆၀) မှာ သုံးပုံတစ်ပုံ 30 Percent ကျော်ကျော်ဟာ လူငယ် ဖြစ်ပါတယ်။ သန်း(၂၀)ခန့်ရှိတဲ့ ကိန်းဂဏန်းဟာ သူများနိုင်ငံထက် ကြီးပါတယ်။ ကမ္ဘောဒီးယားဆို (၆)သန်းလောက်ပဲရှိတယ်။ လာအိုဆိုရင် (၅)သန်းလောက်ပဲရှိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူငယ်ဟာ သန်း(၂၀)ကျော် ရှိပါတယ်။ ပေါ့သေးသေး ကိန်းဂဏန်း မဟုတ်ပါဘူး။ ဒီအပြင် ဆင်းရဲနွမ်းပါးလို့ဖြစ်စေ၊ မဖွံ့ဖြိုးမတိုးတက်လို့ဖြစ်စေ၊ အသိပညာနည်းလို့ဖြစ်စေ၊ ကျောင်းပညာ မပြီးဆုံးဘဲနဲ့ ကျောင်းထွက်ရတဲ့ Dropout ပညာရေး အဟောသိကံကိစ္စတွေ ရှိပါတယ်။ လေလွင့်လူငယ်ကိစ္စ ရှိပါတယ်။ အနှိမ်ခံ၊ သက်ငယ်လုပ်သားကိစ္စ ရှိပါတယ်။ လမ်းလွဲလိုက်နေတဲ့လူတွေ ရှိပါတယ်။ မူးယစ်ဆေးဝါးပြဿနာ ရှိပါတယ်။ လူကုန်ကူးခံရတဲ့ ပြဿနာတွေ ရှိပါတယ်။ ဆိုလိုတာ ပြဿနာရှိတယ်။ ထုထည်ကြီးမားတယ်။ ဟိုနိုင်ငံတွေမှာ ပြဿနာနည်းတယ်။ ထုထည်မကြီးမားပေမယ့် ဒီလိုလုပ်တယ်ဆိုတာကို ကျွန်တော် ယှဉ်ပြခြင်း ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးကို တင်ပြပါတယ်။ ကျွန်တော်တို့နိုင်ငံက တာဝန်မယူဘူးလို့ ပြောတာမဟုတ်ပါဘူး။ အစိုးရဝန်ကြီးဌာန(၆)ခုလောက်က လူငယ်ကိစ္စကို ပူးတွဲတာဝန်ယူနေတာ ဖြစ်ပါတယ်။ (၁)ကတော့ ပညာရေးဌာနဖြစ်ပါတယ်။ ပညာရေးဌာနကတော့ အားလုံးသိတော်မူတဲ့အတိုင်းပဲ ကျွန်တော်တို့ ကျောင်းတွင်းပညာရေး Formal Education, ကျောင်းသားကို အဓိက တာဝန်ခံတာ ဖြစ်ပါတယ်။ ကျောင်းသားဆိုတဲ့ ကိန်းဂဏန်းဟာ တော်တော်ကြီးပါတယ်။ အခြေခံပညာ တစ်ခုထဲမှာ ကျောင်းသား (၈)သန်းရှိပါတယ်။ ကျောင်းပေါင်း(၄၅၀၀၀)လောက်ထဲမှာ ဆရာ/ဆရာမ နှစ်သိန်းခွဲလောက်က လေ့ကျင့်နေရတဲ့ ထုထည်ကြီးဖြစ်ပါတယ်။ တာဝန်တော်တော်ကြီးပါတယ်။ အခု NFP ဆိုပြီးတော့ ကျောင်းပြင်ပ ပညာရေးကို ပူးတွဲကိုင်မယ်ဆိုပြီးတော့ Pilot Project လုပ်ပါတယ်။ မြို့(၂၀)လောက် စမ်းသပ်တယ်၊ အောင်မြင်တယ်။ ဒီနှစ် မြို့(၄၀)လောက်သွားမယ်ပေါ့။ ဒီအဆင့်ပဲ ရှိပါသေးတယ်။

နောက်တစ်ခုကတော့ လူ/ကယ်/ပြန်လို့ အတိုကောက်ခေါ်တဲ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ သူကတော့ Institutionalized Care လို့ခေါ်တဲ့ ဝေဟာရိပ်သာဆောက်ပြီး ဒီအထဲမှာ စည်းကမ်းတကျ ထိန်းသိမ်းတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ လူငယ်၊ မိဘမဲ့၊ အမျိုးသမီး စသည်ဖြင့် စောင့်ရှောက်မှုရှိပါတယ်။ စောင့်ရှောက်နေတဲ့ NGO, INGO များကို ထောက်ပံ့တာလည်း ရှိပါတယ်။ ဒါပေမဲ့ ဝေဟာပြင်ပမှာလည်း ပြဿနာလေးတွေကတော့ အပြင်မှာ လူငယ်တွေအများကြီး ကျန်ပါသေးတယ်။

နောက်တစ်ခုက နယ်စပ်ရေးရာဝန်ကြီးဌာန ဖြစ်ပါတယ်။ နယ်စပ်ဒေသတိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းကျောင်းတွေ၊ ကောလိပ်တွေ ဖွင့်ပြီးတော့ တာဝန်ယူထားတာ ရှိပါတယ်။ သူ တစ်နိုင်တစ်ပိုင် လုပ်နေပါတယ်။ တက္ကသိုလ်ကြီးကိုတော့ တ.ဖ.တ လို့ခေါ်တဲ့ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်ကိုတော့ ရာထူးဝန်အဖွဲ့က တာဝန်ယူတာ ဖြစ်ပါတယ်။ နောက်

ဝန်ကြီးဌာနတစ်ခုက ယဉ်ကျေးမှုဝန်ကြီးဌာန ဖြစ်ပါတယ်။ သူကတော့ အနုပညာကို ဝါသနာပါရှိတယ်။ သင်တန်းတက်နိုင်မယ့် လူငယ်တွေကို သင်တန်းတွေ တက်နိုင်အောင် ကူညီတယ်။ လက်ရှိ အာဆီယံ လူမှုယဉ်ကျေးအသိုက်အဝန်းရဲ့ Focal Agency လည်း ဖြစ်ပါတယ်။ သူ့မှာလည်း တတ်နိုင် သလောက် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

နောက် အားကစားဝန်ကြီးဌာန ရွက်ပုန်းသီးအားကစားသမား ရှာဖွေရေးအနေနဲ့ အားကစားနဲ့ ပညာရေးကို ပူးပေါင်းပြီးပေးတဲ့ သင်တန်းကျောင်းတွေ ရှိပါတယ်။ သူ့အကန့်အသတ် ဘောင် အတွင်းက လုပ်နိုင်သလောက် လုပ်နေပါတယ်။ နောက်တစ်ခု က အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဖြစ်ပါတယ်။ Vocational School လို့ခေါ်တဲ့ အသက်မွေးပညာသင်တန်း ကျောင်းများနဲ့ လေ့ကျင့်ပေးနေတဲ့ အပိုင်းတွေရှိပါတယ်။ ကျွန်တော် ဒါတွေကို တင်ပြတာက နိုင်ငံတော် အစိုးရက လုပ်နေတာတွေ ကျွန်တော် သိပါတယ်။ လုပ်နေတာကို အသိအမှတ်ပြုတယ်၊ ရှိတယ် ဆိုတာကို နားလည်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနတစ်ခုချင်း၊ တစ်ခုချင်းဟာ သူ့နိုင်သလောက်ဝန်၊ သူ့ကန့်သတ်မှု ဘောင်အတွင်းက၊ ကိုယ့်ကဏ္ဍနှင့်ကိုယ် လုပ်ပိုင်ခွင့်ရှိသလောက် လုပ်နေတယ် ဆိုတာကို ကျွန်တော် အသိအမှတ်ပြု ပါတယ်။ ဒီထက်လည်း ပိုလုပ်ဖို့ သူတို့မှာ အကန့်အသတ်တွေ ရှိပါတယ်။

အလားတူ နိုင်ငံရေးပါတီတွေကလည်း ကိုယ့်နိုင်ငံရေးပါတီအလိုက် သူ့ဟာသူ လူငယ် တွေကို Capacity Building လုပ်နေတာရှိပါတယ်။ ဒါလည်းပဲ သူ့ဘောင်နဲ့သူတော့ လုပ်နေကြ တာပါ။ အလားတူ ဘာသာရေးအဖွဲ့အစည်းတွေ ရှိပါတယ်။ ဗုဒ္ဓဘာသာဆို ဘ/က ကျောင်း၊ သီလရှင် အမျိုးသမီးကျောင်း၊ နောက်ပြီးတော့ ပရဟိတကျောင်း ဒီလိုနေရာတွေမှာ လူငယ်တွေလေ့ကျင့်တာ ရှိတယ်။ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာတွေကလည်း သူ့နည်းသူ့ဟန်နဲ့ လုပ်နေပါတယ်။ NGO, INGO တွေကလည်း လုပ်နေတာတွေရှိပါတယ်။ ကျွန်တော်တင်ပြချင်တဲ့ အဓိကအချက်ကတော့ ဘာလဲ ဆိုရင် ဒါတွေ၊ ဒါတွေရှိတယ်ဆိုတာ အသိအမှတ်ပြုပေမယ့် ပြည်ထောင်စုအဖွဲ့အဆင့်မှာ ပေါင်းစပ် ညှိနှိုင်း Coordinate လုပ်ပြီးတော့ သာမန် ကယ်ဆယ်ကုသစောင့်ရှောက်တာထက်ပိုတဲ့ အနာဂတ် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက်တာဝန်ယူမယ့် အဖွဲ့အစည်းတော့ မရှိသေးဘူး။ ပြည်ထောင်စုအဆင့်ကော်မရှင် သို့မဟုတ် ကော်မတီ သို့မဟုတ် ဝန်ကြီးဌာန မရှိသေးဘူးဆိုတဲ့ အချက်လေး တင်ပြပြီးတော့ လုပ်သင့်ကြောင်းဆိုတဲ့ အဆိုတင်ခြင်း ဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ စဥ်ဆက်မပြတ် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို ကျွန်တော် ဦးတည်ပြီးတော့ တင်တာဖြစ်ပါတယ်။

ပထမဆုံး ခြေလှမ်းစတင်ဖို့ လိုပါတယ်။ ဝန်ကြီးဌာနတစ်ခု သီးသန့်ဖွဲ့ဖို့ ကန့်သတ်ချက် အခက်အခဲတွေ ကျွန်တော် နားလည်ပါတယ်။ ဝန်ထမ်းအင်အား၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ကျွမ်းကျင်ဝန်ထမ်း၊ ဘတ်ဂျက်၊ အောက်အဆင့်ရုံးဌာန ဒါတွေ အများကြီး စဥ်းစားရမှာဖြစ်ပါတယ်။ ဒါလည်းပဲ အခြေခံ ဥပဒေ ပုဒ်မ ၂၀၂(က)(ခ)မှာ နိုင်ငံတော်သမ္မတကို အာဏာအပ်နှင်းထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အမျိုးသား အဆင့် တစ်နည်းအားဖြင့် ပြည်ထောင်စုအဆင့် ကော်မတီ၊ ကော်မရှင်တစ်ခုဖွဲ့တာကတော့ ခက်ခဲတဲ့ အလုပ်မဟုတ်ဘူး၊ ဒါက အဲဒီ ပထမခြေလှမ်းက စနိုင်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ကလည်း လိုအပ်ရင် Cabinet ကော်မတီများ ဖွဲ့ဖို့ဆိုပြီး ညွှန်ထားတာရှိပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေ၊ အသင်းအဖွဲ့တွေ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းတွေ ကျွမ်းကျင်

ပညာရှင်တွေနဲ့ ဖွဲ့စည်းပြီးတော့ လူငယ်ရေးရာ ပြဿနာများကို လေ့လာစုံစမ်းပြီးတော့ Needs Assessment ခေါ်တဲ့ လိုအပ်ချက်တွေ ဆွေးနွေးတာတွေ လနဲ့ချီကြာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာ Long Term လုပ်ရမယ့် ကိစ္စတစ်ခုဖြစ်တဲ့အတွက်ကြောင့် ပထမခြေလှမ်းတော့ လှမ်းသင့်ပါပြီဆိုတဲ့ အဆိုကို တင်ခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အစီအစဉ် မရှိသေးဘူးဆိုတဲ့ အဖြေမျိုးကတော့ ခေတ်ကာလရဲ့ တောင်းဆိုချက်နဲ့ မဆီလျော်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူငယ်တွေဟာ သက်ရှိ ဖြစ်ပါတယ်။ စာရွက်လို ကျွန်တော်တို့က အဆင့်ခွဲပြီးတော့ ဦးစားပေး(၁)၊ ဦးစားပေး(၂) ဖိုင်ထဲမှာ ထည့်ပြီး စင်ပေါ်တင်ထား သူ့ဘတ်ဂျက်နှစ်နဲ့သူ လုပ်လို့မရပါဘူး။ နာရီပိုင်းနှင့်အမျှ နေ့ရက်နဲ့အမျှ ကြီးထွားရှင်သန်နေတာ ဖြစ်တဲ့အတွက်ကြောင့် ပြဿနာဟာလည်း နေ့စဉ်နဲ့အမျှ ရှိပါတယ်။ မြန်မြန် စနိုင်ရင် မြန်မြန်ကောင်းမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်မှာ အနာဂတ်မျိုးဆက်သစ်များရဲ့ အရေးကိစ္စအတွက် အာဆီယံ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာကော်မရှင်၊ ကော်မတီ သို့မဟုတ် ပြည်ထောင်စု ဝန်ကြီးဌာန ဖွဲ့စည်းထားခြင်းမရှိသေး၍ လိုအပ်သလိုဖွဲ့စည်းကာ လုပ်ငန်းများ ပေါင်းစည်းညှိနှိုင်း ပြီးတော့ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းပါကြောင်း အဆိုကို အနာဂတ် လူငယ်အင်အားစုကြီးအကျိုးကို မျှော်ကိုး၍ လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၅၃။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းသော လူငယ်ရေးရာဆိုင်ရာ ပြည်ထောင်စုအဆင့် ဖွဲ့စည်းရေးအဆိုကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ကျွန်မ ဒေါ်နန်းနီနီအေး က ထောက်ခံအပ် ပါတယ်ရှင်။

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ရီ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အရေးကိစ္စအတွက် အခြားအာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများကဲ့သို့ ပြည်ထောင်စုအဆင့် လူငယ်ဆိုင်ရာ ကော်မရှင် သို့မဟုတ် ကော်မတီတစ်ရပ် သို့မဟုတ် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ဖွဲ့စည်းထားရှိမှု မရှိသေး သည့်အတွက် လိုအပ်သလို ဖွဲ့စည်း၍ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်း များကို ပိုမိုထိရောက်စွာ လုပ်ဆောင်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခင်မောင်ရီ ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးခင်မောင်ရီ တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၃း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]